
စိတ်ကူးချိုချိုအနုပညာ

# သက်တံ့ရောင်ကျောက်တုံးလေး နှင့်

## ပျော်ရွှင်ဖွယ်ပုံပြင်များ(၂)

ကြပ်ကလေး



mgyoe.com

mgyoe.com

ယခင် စန္ဒာမဂ္ဂဇင်းတွင် စောင့်ဖတ်ရင်း
ရယ်မောခဲ့ရသော

**ကြွပ်ကလေး ၏ ဟာသပုံပြင်များကို**

တစ်စုတည်း ၁၀ အုပ် စီစဉ်ထုတ်ဝေလိုက်ပါပြီ။

နာခေါင်းရှည်နတ်ပုလေး နှင့် ပျော်ရွှင်ဖွယ်ပုံပြင်များ(၁)

သက်တံ့ရောင်ကျောက်တုံးလေး နှင့် ပျော်ရွှင်ဖွယ်ပုံပြင်များ(၂)

ဆင့်အချစ်တော်မောင်အောင်ဘော် နှင့် ပျော်ရွှင်ဖွယ်ပုံပြင်များ(၃)

ဒဂီးတိုင်းပြည် နှင့် ပျော်ရွှင်ဖွယ်ပုံပြင်များ(၄)

ရွှေ့ရွှေ့သွားသော ကျောက်တုံးကြီး နှင့် ပျော်ရွှင်ဖွယ်ပုံပြင်များ(၅)

ပြောင်းပြန်လက်ရှည်ဝေလေလေ နှင့် ပျော်ရွှင်ဖွယ်ပုံပြင်များ(၆)

သီချင်းဆိုသောလက်ညှိုးလေး နှင့် ပျော်ရွှင်ဖွယ်ပုံပြင်များ(၇)

ကိုယ်ပျောက်ကြက်တောင် နှင့် ပျော်ရွှင်ဖွယ်ပုံပြင်များ(၈)

စိတ်ဆိုးသွားသော နတ်ပြက်ကလေး နှင့် ပျော်ရွှင်ဖွယ်ပုံပြင်များ(၉)

ကြံတိုင်းအောင် နှင့် ပျော်ရွှင်ဖွယ်ပုံပြင်များ(၁၀)

**စုစုပေါင်း ပုံပြင် ၁၀၆ ပုဒ်တိတိ**

KKL0003
1,000.00 KS

mgyoe.com

၃၉၇.၂

ကြပ်ကလေး

သက်တံ့ရောင်ကျောက်တုံးလေးနှင့် ပျော်ရွှင်ဖွယ်ပုံပြင်များ/
ကြပ်ကလေး။ - ရန်ကုန်။
စိတ်ကူးချိုချိုစာပေ၊ ၂၀၀၉။
စာမျက်နှာ ၂၀၀ မျက်နှာ၊ ၁၂.၅ စင်တီ× ၁၈.၃ စင်တီ
(၁)သက်တံ့ရောင်ကျောက်တုံးလေးနှင့် ပျော်ရွှင်ဖွယ်ပုံပြင်များ



ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၁၀၀၁၅၀၃၀၉ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၁၀၁၁၈၀၇၀၉ တို့ဖြင့်

မျက်နှာဖုံးဒီဇိုင်း Mg Mg ပြုလုပ်ပြီး ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချို စာအုပ်တိုက်၊ ၈၅၊ ၁၆၄ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်နှင့် ပုံနှိပ်သူ - ဦးနိုင်ဦး၊ ငွေပြည်တော်ပုံနှိပ်တိုက်၊ ရန်ကုန်တို့က ပထမအကြိမ် စောင်ရေ- ၅၀၀ ရိုက်နှိပ်ကာ ၂၀၀၉ ခု၊ ဩဂုတ်လ တွင် တန်ဖိုး ၁၀၀၀ ကျပ် ဖြန့်ချိသည်။



mgyoe.com

mgyoe.com

# မာတိကာ


၁။ သံနွှေရှင် ၁

၂။ ဖေဖေ့ခြားမတိုလေး ၂၀

၃။ ယောင်ယောင်ပေါင်ပေါင် နှမ်းမောင်မောင် ၄၅

၄။ မောင်အထပ်ထပ် ၅၄

၅။ ပန်းဆေးဆိုးသူ ဘဘခြယ် ၇၆

၆။ ကိုယ့်ထူးကိုယ်ချွန် မောင်လူမွန် ၁၀၁

၇။ လောဘရာဇာ ၁၁၈

၈။ သက်တံရောင် ကျောက်တုံးကလေး ၁၃၆

၉။ ဘူတာဝါဟနဆရာကြီး ၁၅၇

၁၀။ စားဖိုဆောင်အလုပ်သမားလေး ၁၈၃


❑

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# သံနှောရှင်

မောင်ဆယ်၏ဖခင်ကြီးသည် ယခင်က များစွာ ဆင်းရဲသူ မဟုတ်ခဲ့ချေ။ လူတန်းစေ့နေနိုင် စားနိုင်ခဲ့သည်။ မောင်ဆယ်နှင့် ညီလေး စံဖူးတို့ကို တင့်တောင့် တင့်တယ်ထားနိုင်ခဲ့၏။ သို့ရာတွင် ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းဆောင်တာက မကောင်း သဖြင့် ယခုအခါတွင် ဆင်းရဲနေ၏။ အကြွေးများပင် တင်လျက်ရှိ ပေသည်။ အသက်ကလည်းကြီးလာ၊ ကိုယ်ခန္ဓာကလည်း မကျန်းမာ သောကြောင့် အလုပ်အကိုင်များကို ဖိဖိစီးစီး မလုပ်ကိုင်နိုင်တော့။

သို့သော် . . မောင်ဆယ်ကား လိမ္မာရေးခြားရှိသော သား တစ်ယောက်ဖြစ်လေသည်။ ဖခင်ကြီးနှင့် ညီလေးတို့ကို ကောင်းစွာ ပြုစုစောင့်ရှောက်၏။ ရေထမ်းခြင်း၊ ထင်းခွေခြင်း၊ မြက်ရိတ်ခြင်း စသည့်အလုပ်များ လုပ်ကိုင်၍ ငွေကြေးရှာဖွေသည်။ မောင်ဆယ် ရှာဖွေရရှိသည့် ငွေမှာ အကြွေးများကို ကျေအောင် မဆပ်နိုင်သော် လည်း သူတို့သားအဖသုံးဦး ထမင်းစားဖို့တော့ ရပါပေသည်။

တစ်နေ့သ၌ စံဖူးသည် မောင်ဆယ်မြက်ရိတ်ရာ ရွာပြင်ရှိ ကွင်း ခေါင်ခေါင်ထဲသို့ လိုက်သွားလေသည်။ မောင်ဆယ်ကား မြက်များ

mgyoe.com

mgyoe.com


ကို ရိတ်ပြီးသော် မြက်ထုံးကြီးများ ပြုလုပ်ထား၏။ ထို့နောက် မြက်ထုံးအချို့ကို ထမ်း၍ အိမ်သို့ သယ်ယူသွားရာ၊ ကျန်ရစ်သော မြက်ထုံးများကို စံဖူးက စောင့်နေခဲ့ရသည်။

ထိုခဏတွင် ထူးဆန်းသော အခြင်းအရာတစ်ရပ် ဖြစ်ပေါ်လာ၏။

နွားနို့၏အရောင်ကဲ့သို့ ဖြူဖွေးသော မြင်းကြီးတစ်ကောင်သည် ကောင်းကင်ဆီမှ ပျံဆင်းလာပြီးလျှင် မောင်ဆယ်ရိတ်ထားသော မြက်ထုံးမှ မြက်အချို့ကို ပါးစပ်ဖြင့် ဆွဲယူစားလိုက်၏။

စံဖူးသည် အံ့အားကြီးသင့်နေရာက ဤအတိုင်း ကြည့်နေလျှင် မြက်တွေကုန်အောင်စားသွားမည်ကို စိုးရိမ်လာ၏။ ထို့ကြောင့် မြင်းကြီးနားသို့ ပြေးသွားပြီးလျှင် မြင်းကြီးကို ချောက်လိုက်သည်။

"ဟိတ် မြင်းကြီး ရှူးမစားနဲ့၊ ဟိတ် မြင်းကြီး"

စံဖူး၏အသံကိုကြားရသောအခါ မြင်းကြီးသည် ခေါင်းကို စောင်းငဲ့ကြည့်လိုက်ပြီး မနှစ်သက်သော လေသံဖြင့် ပြန်ပြော၏။

"ငါ့ကို မြင်းကြီး . . . မြင်းကြီးနဲ့ မခေါ်ပါနဲ့ကွ"

မြင်းကြီး၏စကားကို ကြားရသောအခါ စံဖူးမှာ လွန်စွာအံ့အားသင့်သွားမိတော့သည်။ မြင်းကြီးစင်စစ် ဖြစ်ပါလျက်နှင့် မြင်းကြီးဟု မခေါ်ရဟု ဆိုနေပါကလား။

"ဘာလဲကွ . . မြင်းကြီးကို မြင်းကြီးလို့ မခေါ်ဘဲ၊ နွားမကြီး နွားမကြီးလို့ ခေါ်ရမှာလား"

စံဖူး၏ စကားကို ကြားရသောအခါ မြင်းကြီးသည် သဘောကျသွားသကဲ့သို့ ဟက်ဟက်ပက်ပက် ရယ်၍ ပြန်ပြောလေ၏။

"ဟီ ဟီ ဟီ ဟီ မင်းဟာ လူပေါ်လေးပဲကွ"

mgyoe.com

mgyoe.com


"ဘာ . . . မင်းက မြင်းပေါကြီးကွ၊ ဘယ့်နှယ် . . . မြင်းပဲဥစ္စာ မြင်းလို့ မခေါ်ရဘူးတဲ့၊ ကြားပဲ ကြားဖူးပေါင်"

"ကြားဖူးရမယ်လေ . . ကြားဖူးရမယ် . .၊ ငါ့ကို မြင်းကြီးလို့ မခေါ်ပါနဲ့ကွ၊ ငါ့မှာ နာမည်ရှိပါတယ်"

"ဟင် . . . နာမည်ရှိတယ် . . ဟုတ်လား"

"အေး . . နာမည်ရှိတယ်"

"မင်း နာမည်က ဘာတဲ့တုံး"

"အရွ . . . တဲ့"

"ဘယ့်နှယ် အရွ ဟုတ်လား"

"ဟုတ်တယ် ဟုတ်တယ်၊ အရွ . . အရွ တဲ့ကွ"

ဤအခါတွင်ကား စံဖူးရယ်လှည့်ဖြစ်လေတော့၏။

"အာ ဟား ဟား ဟား မြင်း နာမည်ကလည်း အရွတဲ့၊ ဟား ဟား"

"မရယ်ပါနဲ့ကွ၊ မြင်းနာမည်ပဲဟာ မင်းတို့ လူတွေရဲ့ နာမည်နဲ့ တူပါ့မလားကွ၊ မင်းနာမည်ကရော ဘာတဲ့တုံး"

"စံဖူး . ."

"ဘာကွ စံဖူးဟုတ်လား"

"ဟုတ်တယ် . . စံဖူး စံဖူး"

"ဟီ ဟီ ဟီ ဟီ လူနာမည်ကလည်း စံဖူးတဲ့ ဟီ ဟီ ဟီ ဟီ"

"မရယ်ပါနဲ့ကွ၊ လူနာမည်ပဲဟာ မင်းတို့ မြင်းနာမည်နဲ့ တူပါ့မလားကွ၊ ဟော . . . ဟိုမှာ ငါ့အစ်ကိုလာနေပြီ၊ ဒီမြက်တွေဟာ သူရိတ်ထားတာ၊ မင်းပိုင်ရှင်မသိအောင် လာခိုးစားတဲ့အတွက် မင်းမှာ အပြစ်ရှိတယ်"

mgyoe.com

mgyoe.com


စံဖူး၏ စကားကြောင့် အရွှမှာ စိတ်မကောင်းဖြစ်မိသည်။

"အေးကွာ . . သူ့ကို ငါတောင်းပန်ပါ့မယ်၊ ဒါ့ထက် သူ့နာမည်ကရော စံဖူးပဲလား"

"ဟာ . . ကြုံကြုံဖန်ဖန်၊ လူတိုင်းဟာ နာမည်တစ်ခုထဲ မှည့်ထားရင်ရှုပ်ကုန်မှာပေါ့ကွ၊ သူ့နာမည်က မောင်ဆယ်တဲ့ ဟော့ရယ်ဦးမလို့လား မရယ်ပါနဲ့ကွာ၊ မင့်သွားကြီးတွေက ကြီးလွန်းလို့ ငါကြောက်တယ်ကွ"

"ကဲပါလေ . . မင်းတောင်းပန်မှတော့ ငါလည်း မရယ်တော့ပါဘူးလေ၊ ဒါပေမဲ့ မောင်ဆယ်ဆိုတဲ့ နာမည်ထက် မဏိကက်ဆိုတာက ပိုပြီးနားထောင်ကောင်းတဲ့ နာမည်ဖြစ်တယ်လို့ ငါထင်တာပဲ ဖူး . . ဖူး . . ဖူး"

မြင်းကြီးသည် ပါးစပ်ကြီးစေ့၍ ရယ်ရသဖြင့် နှာခေါင်းမှ လေပူများ ကန်ထွက်ကုန်တော့သည်။

မောင်ဆယ်မှာ မြက်များ သယ်ရန်အနားသို့ ရောက်လာသောအခါ သူ့ညီလေး စံဖူးအပြင် မြင်းကြီး တစ်ကောင်ကိုပါ တွေ့သဖြင့် အံ့အားသင့်သွားမိလေတော့သည်။

"ဟင် . . ညီလေး . . ဘယ်ကမြင်းကြီးလဲ"

"အောင်မယ် . . ကိုကိုရေ သူ့ကို မြင်းကြီးလို့ မခေါ်ပါနဲ့တဲ့"

"ဟင် . . ဒါဖြင့် ဘယ်လိုခေါ်ရမတဲ့လဲ"

"သူ့မှာ . . နာမည်ရှိတယ်လေ၊ ဒါပေမဲ့ ဟား ဟား သူ့နာမည်က ရယ်စရာကောင်းတယ်၊ ဟား ဟား သူ့နာမည်က စံဖူးတဲ့၊ ဟားဟား"

ဤတွင် မြင်းကြီးက ဝင်ပြော၏။

mgyoe.com

mgyoe.com


"အောင်မာ တယ်သဘောကျနေ၊ စံဖူးဆိုတာက မင်းနာမည်ပဲ"

စံဖူးမှာ အရယ်ရပ်၍ မျက်လုံးပြူးသွားတော့၏။

"ဟာ . . ဟုတ်သားပဲ၊ ငါ့နာမည် ငါပြန်ရယ်မိနေတာကိုး၊ ဒီမှာ ကိုကိုရဲ့ သူ့နာမည်က အဆန်းပဲ ဘာတဲ့"

"သေသေချာချာ မှတ်ထား၊ ငါ့ ခဏခဏ ထပ်မပြောနိုင်ဘူး၊ ငါ့နာမည်က အရွှတဲ့"

မောင်ဆယ်ကတော့ အရွှ၏နာမည်ကြောင့် မရယ်မောမိပါ။

"ဩော် . . အရွှတဲ့လား၊ ကောင်းပြီလေ . . မှတ်ထားပါ့မယ်"

"မောင်ဆယ်. . ငါတောင်းပန်ပါတယ်ကွာ၊ ငါ မင်းရဲ့မြက်တွေကို မတောင်းဘဲ စားမိတာ ခွင့်လွှတ်ပါ"

"ကိစ္စမရှိပါဘူးကွာ . . စားပါ၊ နောက်ကိုလည်း ဆာရင်လာစားပါ"

"ကျေးဇူးတင်လိုက်တာကွာ၊ ဒါ့ထက် ဒီမြက်တွေက ဘာလုပ်ဖို့လဲ"

မောင်ဆယ်က အကြောင်းစုံကို ရှင်းပြသောအခါ အရွှသည် များစွာစိတ်မကောင်းခြင်း ဖြစ်သွားတော့၏။

"အေးကွာ . . ငါကြားရတာ စိတ်မကောင်းပါဘူး၊ ငါကလည်း အရွယ်မရောက်သေးလို့ပါ၊ အရွယ်ရောက်ရင် မင်းတို့နဲ့ လာနေပါ့မယ်၊ လူကြီးမိဘတွေကို ရိုသေတတ်တဲ့လူ၊ လုပ်ကျွေးမွေးမြူတတ်တဲ့ လူတွေကို ငါက သိပ်ချစ်တာကွ . . ၊ ခုတော့ ငါက ကလေးပဲရှိသေးတာ၊ အရွယ်ရောက်မှ ငါ့သဘောနဲ့ ငါနေချင်ရာနေလို့ရ

mgyoe.com

mgyoe.com


တယ်၊ ခုနေတော့ မင်းတို့မှာ အရေးကြီးတဲ့အကြောင်းရှိရင် ငါ့နာမည်ကိုသာ ခေါ်လိုက်ပါကွာ၊ ငါပြေးလာခဲ့ပါ့မယ်"

စံဖူးက ဝင်၍ပြောပြန်သည်။

"မင်းက တခြားမြင်းတွေလိုမဟုတ်ဘဲ မိုးပေါ်ပျံနိုင်သလားကွ"

"ဟုတ်တယ် ငါက မိုးပျံသိန္ဓောမြင်းမျိုးကိုးကွ"

"သိန္ဓောဆိုတာက ဆားတစ်မျိုးမဟုတ်ဘူးလား"

"ဟီ ဟီ ဟီ . . ဟုတ်ပါတယ်၊ မင်းဟာ လူပေါ်လေးပါ၊ ဆားနာမည်သိန္ဓောက တခြားပါကွ၊ ငါက မြင်းပဲဟာ ဆားနဲ့တူပါ့မလား"

"မင်း . . မိုးပေါ်ပျံနိုင်ရင် ငါတို့စီးကြည့်ချင်တယ်ကွာ" ဟု မောင်ဆယ်က ပြောသည်။

"မောင်ဆယ် မင်းကို ငါသိပ်ခင်မင်သွားပြီ၊ ဒါပေမဲ့ ဒီနေ့တော့ အချိန်မရှိတော့ဘူး၊ နက်ဖြန် ညနေကျရင် ငါစောစောလာခဲ့မယ်၊ ဘယ်သူ့မှ မပြောနဲ့နော်၊ မင်းတို့ နှစ်ယောက်တည်း ဒီကိုလာခဲ့ကြ"

မောင်ဆယ်တို့ ညီအစ်ကိုနှစ်ယောက်လည်း ခေါင်းညိတ်၍ သဘောတူလိုက်ကြ၏။ အရွှလည်း မြေပြင်ပေါ်တွင် ခြေလေးဖက်ကို တရွရွနင်းလိုက်ပြီးလျှင် ကောင်းကင်သို့ လွှားခနဲပျံတက်သွားလေတော့၏။ မောင်ဆယ်တို့သည် ကျန်ရှိသော မြက်ထုံးများကို သယ်၍ အိမ်သို့ ပြန်ခဲ့ကြလေ၏။

သူတို့သည် အရွှ၏အကြောင်းကို မည်သူ့ကိုမျှ ပြန်မပြောချေ။

နောက်တစ်နေ့ ညနေဘက်သို့ရောက်သောအခါ မောင်ဆယ်တို့ ညီအစ်ကိုနှစ်ယောက်သည် အလုပ်များကို စောစောပြီးစီးအောင် လုပ်ထားကြပြီးနောက်၊ ကွင်းပြင် စပ်တွင် အရွှ၏ အလာကို စောင့်မျှော်နေကြလေ၏။

mgyoe.com

mgyoe.com


မကြာမီပင် အရှသည် ကောင်းကင်ခရီးဖြင့် ရောက်ရှိလာလေသည်။ မောင်ဆယ်က အသင့်ရိတ်ထားသော မြက်အချို့ကို ကျွေးမွေး၏။

"မောင်ဆယ်ရေ .. ဒီနေ့ ငါလာနိုင်သေးတာ မင်းတို့ ကံကောင်းတယ်။ နက်ဖြန်ဆိုရင် ငါမအားတော့ဘူး။ ကမ္ဘာအရပ်ရပ်က တောင်ကြီးတွေပေါ်မှာ တစ်လှည့်စီ သွားနေရတော့မယ်။ အဲဒီနေရာတွေမှာ ရာသီဥတုမျိုးစုံ အကြောင်းတွေ၊ မြက်မျိုးစုံအကြောင်းတွေ၊ ခရီးလမ်းပန်းအကြောင်းတွေကို ငါသင်ယူရတော့မယ်၊ မင်းတို့ဆီကို ခုလို ငါမလာနိုင်တော့ဘူး"

အရှက ဤသို့ပြောလိုက်သောအခါ မောင်ဆယ်က "ကောင်းပါပြီ သူငယ်ချင်းရယ်၊ တို့တော့ မင်းကို ဘယ်တော့မှ မမေ့ပါဘူး၊ မင်းကလည်း သတိရနေမှာပဲ မဟုတ်လား" ဟု ဝမ်းနည်းသံနှင့် မေးလိုက်သည်။

"သတိရနေမှာပါကွာ၊ ဒီကြားထဲ အရေးကိစ္စကြုံရင်တော့ မင်းတို့နဲ့ လာနေမှာပါကွာ"

သူတို့စကားပြောနေသည့်အခိုက် စံဖူးမှာ စိတ်မရှည်နိုင်ဖြစ်လာ၏။

"ကဲပါကွာ .. စကားမများကြပါနဲ့၊ ငါစီးချင်လှပါပြီ"

"ကဲ .. ဒါဖြင့်လည်း ငါ့ကျောပေါ်တက်ထိုင်"

အရှက ဤသို့ပြောလိုက်သောအခါ၊ မောင်ဆယ်က ရှေ့ကထိုင်၏။ စံဖူးက နောက်ကထိုင်၍ မောင်ဆယ်၏ ခါးကို ဖက်ထားသည်။

မြင်းကြီးသည် မြေပြင်ပေါ်၌ တစ်လှမ်းနှစ်လှမ်း ခုန်ပေါက်လိုက်

mgyoe.com

mgyoe.com


ပြီးသော် လွှားခနဲ ပျံတက်သွားလေတော့သည်။

မောင်ဆယ်မှာ ဣန္ဒြေရရထိုင်လိုက်လာသော်လည်း စံဖူးကမူ ရှုစိရှုစိဖြစ်နေသည်။

"ဟာ . . တယ်ဟုတ်ပါလားကွ၊ တော်တော် ဇိမ်ရှိတာပဲနော်၊ ဟား. . ဟား အရှုကွ . . ဟုတ်ပြီ သုတ်ခြေတင်ပေး အလဲ့ တယ်လဲ ဟန်ကျလိုက်ပါကလားနော်"

မောင်ဆယ်က သတိပေးသော်လည်းမရ။ စံဖူး အူမြူးလှသည်။ ဝမ်းထဲက ပျော်သလောက် ပါးစပ်ကလည်း အငြိမ်မနေနိုင်။

"ဟာ ကိုကို၊ ဟိုမှာကြည့်စမ်းပါ၊ လယ်ကွင်းလေးတွေ သေးသေးလေးဖြစ်ကုန်ပြီ၊ အာပါးကျောက်တောင်ကြီးတွေတောင်မှ သဲပုံကလေးတွေလောက်ဖြစ်နေပါကလား၊ ဟုတ်ပြီကွ . . ပျံပေး"

ပြောပြောဆိုဆိုနှင့် စံဖူးမှာ စိတ်ကြွလာကာ လက်ခုပ်နှစ်ဖက်ကို အားရပါးရ တီးလိုက်မိလေ၏။

စံဖူးသည် မောင်ဆယ်၏ ခါးကို ဖက်ထားသော လက်နှစ်ဖက်စလုံးကိုဖြုတ်၍ လက်ခုပ်တီးလိုက်သောအခါတွင် အရှေ့မှ လေတိုးသဖြင့် ကျွမ်းပျံပြီးနောက်၊ နောက်ဘက်သို့လန်ကျသွားလေ၏။ သို့သော် သတိရသဖြင့် ဆွဲမိ ဆွဲရာ ဆွဲလိုက်ရာ မြင်းမြီးကြီးကို နောက်ပြန်ဆွဲမိလေတော့သည်။ အရှုသည် အလွန်မြန်သော အဟုန်ဖြင့်သွားနေသည်ဖြစ်သောကြောင့် အမြီးကြီးမှာ နောက်ဘက်တွင် တန်းနေရာ စံဖူးမှာလည်း ပက်လက်ကြီးပါနေလေ၏။

"အောင်မယ် . . ဒါက ပိုတောင်ကောင်းပါသေးကလား၊ တိမ်တွေကို ပိုပြီး နီးနီးမြင်ရသေးတယ်"

အရှုကတော့ ဘာမျှမပြောတော့ချေ။ ပြေးနေရင်းက နောက်

mgyoe.com

mgyoe.com


ခြေထောက်တစ်ဖက်နှင့် လှမ်းပေါက်လိုက်ရာ စံဖူးမှာ ဝိခနဲလည်၍ မြောက်သွားပြီး မြင်းပေါ်ပြန်ထိုင်မိ လေသည်။ သို့သော် နောက်ပြန်ကြီးဖြစ်နေသဖြင့် မောင်ဆယ်နှင့် ကျောချင်းကပ်ထိုင်လျက်သား ဖြစ်နေသည်။ ထို့ကြောင့် မောင်ဆယ်၏ခါးကို နောက်ပြန်ကြီး လှမ်းဖက်ထားရသဖြင့် သူကား ကုန်းကုန်းကြီး ဖြစ်နေတော့သည်။

မည်သို့ပင်ဖြစ်စေ .. ပြန်ရောက်ကြသောအခါတွင် သူတို့ညီအစ်ကိုနှစ်ယောက်အတွက် ပျော်ရွှင်ဖွယ်ကောင်းသော ခရီးတစ်ခေါက်ဟု ဆိုမိကြလေ၏။

ဤသို့ဖြင့် နေလာခဲ့ကြရာ တစ်နေ့သောအခါတွင် တစ်မြို့တစ်ရွာတွင်နေထိုင်သော ကြွေးရှင် သူဌေးကြီးသည် မောင်ဆယ်၏ဖခင်က ကြွေးမဆပ်နိုင်သောကြောင့် သူတို့၏ အိမ်ကလေးနှင့်တကွ ပစ္စည်းများကို သိမ်းယူလိုက်လေတော့၏။

မောင်ဆယ်တို့လည်း ရွာပြင်နားတွင် တဲငယ်ကလေးမလုံ့တလုံနှင့် ဆင်းရဲစွာနေကြရသည်။ သုံးလေးနှစ် ကြာသောအခါ မောင်ဆယ်တို့၏ ဖခင်ကြီးမှာ စိတ်ညစ်သည့်ဒဏ်နှင့် ဆင်းရဲပင်ပန်းသည့်ဒဏ်တို့ဖြင့် ရောဂါရကာ ကွယ်လွန်သွားရှာလေ၏။

မောင်ဆယ်နှင့် စံဖူးတို့လည်း ဖခင်ကြီးကို မြှုပ်နှံသင်္ဂြိုဟ်ခဲ့ပြီးသော် ထိုရွာမှ ထွက်ခဲ့ကြသည်။ မောင်ဆယ်မှာ အရွယ်ရောက်လာပြီးဖြစ်သည့်အတိုင်း၊ တစ်ရပ်တစ်ကျေးသို့ လှည့်လည်၍ ပညာရော ဥစ္စာပါရှာဖွေမည်ဟု ကြံစည်ကာ ထွက်လာကြခြင်းဖြစ်လေသည်။

တစ်နေ့သ၌ တောတောင်ခရီးကို ဖြတ်သန်းလာခဲ့ကြပြီးနောက်

mgyoe.com

mgyoe.com


ရသေ့ကြီးတစ်ပါး၏ ကျောင်းသင်္ခမ်းတစ်ခုသို့ ရောက်လာကြတော့သည်။

မောင်ဆယ်တို့သည် ရသေ့ကြီးကို ဦးချရှိခိုးပြီးသော် သင့်တော်ရာ၌ ထိုင်ကြ၏။ ရသေ့ကြီးကား ညီအစ်ကိုနှစ်ယောက်ကို အကဲခတ်ရင်းက ဝမ်းထဲတွင် တော်တော် သဘောကျချစ်ခင်မိ၏။ ထို့ကြောင့် ယင်းညီအစ်ကို နှစ်ယောက်အား မိမိတတ်သောပညာများကို သင်ပေးလိုစိတ်ဖြစ်ပေါ်လာသည်။

"ကိုင်း. . မင်းတို့ ဘာကိစ္စနဲ့ လာကြသလဲ"

"ထမင်းဆာတဲ့ကိစ္စနဲ့ လာကြပါတယ်ဘုရား"

စံဖူးက လွှတ်ခနဲဖြေလိုက်သည်။ မောင်ဆယ်မှာ တားဆီးရန် အချိန်ပင်မရလိုက်။ ရသေ့ကြီးက ပြုံးလိုက်လေသည်။

"ကဲ . . ဆာတဲ့ကိစ္စဆိုလည်း ဟောဟိုက သစ်သီးတွေ စားကြပေါ့ကွာ"

မောင်ဆယ်ကမူ ရသေ့ကြီးထမသွားမီ လက်အုပ်ကလေးချီ၍ "ဆာတဲ့ကိစ္စပြီးစီးရင် ဆရာတော်ရဲ့ အဆုံးအမကိုခံယူပြီး တပည့်ခံဖို့ကိစ္စက ရှိပါသေးတယ်ဘုရား" ဟု လျှောက်လိုက်၏။

ရသေ့ကြီးသည် တစ်ဖန်ဆက်၍ ပြုံးလိုက်ပြန်သည်။

"ငါထင်ထားတဲ့အတိုင်း မင်းတို့ဟာ တော်တော်ဟုတ်တဲ့ ညီနောင်ပဲ"

ထိုနေ့မှစ၍ မောင်ဆယ်တို့သည် ရသေ့ကြီး၏ ကျောင်းသင်္ခမ်းတွင် နေထိုင်ကြ၏။ ရသေ့ကြီး၏ ဝတ်ကြီးဝတ်ငယ်များကို ပြုကြ၏။ ရသေ့ကြီးကလည်း သူတို့ကို အတတ်ပညာများ၊ အသိပညာများကို ကောင်းစွာသင်ကြားပေးလိုက်လေသည်။

mgyoe.com

mgyoe.com


တစ်နေ့တွင် ရသေ့ကြီးက "ကိုင်း မင်းတို့ညီအစ်ကိုနှစ်ယောက်ဟာ အတတ်ပညာလည်းစုံပြီ။ ဒီတော့ ကိုယ့်ဘဝမှာ ကိုယ်တိုးတက်ရာ တိုးတက်ကြောင်းလည်း လုပ်ရင်း၊ အများတကာရဲ့အကျိုးကိုလည်း သယ်ပိုးကြနိုင်ဖို့အတွက် ခရီးဆက်ကြပေတော့"ဟု ဆုံးမ၍ လွှတ်လိုက်လေတော့သည်။ မောင်ဆယ်တို့လည်း ဆရာရသေ့ကြီးကို ရိုသေစွာ ရှိခိုးဦးချနှုတ်ဆက်ကြပြီးသော် ခရီးထွက်လာခဲ့ကြလေ၏။

များမကြာမီပင် မောင်ဆယ်တို့သည် မြို့တစ်မြို့သို့ ရောက်လာကြလေ၏။ ထိုမြို့မှ လူများပြောပြချက်အရ သူဌေးဦးဆန္ဒ၏ သမီးဖြစ်သူ ခင်မိုးသူတွင် ဝေဒနာစွဲကပ်လျက်ရှိပြီး မည်သည့်ဆရာမှ မကုသနိုင်သဖြင့် သူဌေးကြီးလင်မယားမှာ ငိုယို၍နေရကြောင်း သိရလေသည်။

မောင်ဆယ်သည် များစွာသနား၍ သူဌေးကြီး ဦးဆန္ဒ၏ အိမ်သို့သွားရောက်စုံစမ်းကြသည်။ ဦးဆန္ဒမှာ အကြွေးတောင်းရန် ခရီးထွက်နေ၍ မတွေ့ရဘဲ၊ သူဌေးကတော် ဒေါ်မယ်နှင့်သာ တွေ့ကြရ၏။

ခင်မိုးသူ၏ ဝေဒနာကား ဤသို့ဖြစ်၏။

မှော်ဆရာကြီး ဦးပေတလူဆိုသူသည် ဤအိမ်သို့ ဝင်ထွက်သွားလာနေ၏။ တစ်နေ့တွင် ဦးပေတလူက သူ၏ ရွှေပန်းခိုင်ကို ခဏသိမ်းဆည်းထားရန် လာရောက်အပ်နှံ၏။ ထိန်းသိမ်းထားခ အခကြေးငွေရသဖြင့် ဦးဆန္ဒက လက်ခံထားသည်။ သို့သော် တစ်နေ့တွင် လုံခြုံစွာ သိမ်းဆည်းထားသော သေတ္တာထဲမှ ရွှေပန်းခိုင်သည် ပျောက်ဆုံးသွား၏။

mgyoe.com

ဦးပေတလူက သူ၏ရွှေပန်းခိုင်ကို ပြန်တောင်းသောအခါ မပေးနိုင်သဖြင့် ကျသင့်ငွေကို လျော်မည်ဟု ဦးဆန္ဒ က ပြောသည်။ သို့သော် . . ဦးပေတလူက ငွေကို လက်မခံ၊ ခင်မိုးသူနှင့် သူ့ကို ပေးစားရမည်ဟု ပြောသည်။ မိဘများက မပေးစားနိုင်ဟု ငြင်းပယ်သောအခါ၊ ဦးပေတလူက ခင်မိုးသူကို အပ်ကလေးနှင့် လက်ကိုထိုးလိုက်ရာ ခင်မိုးသူမှာ အိပ်ပျော်သွားသည်။ ထိုနေ့မှစ၍ ယနေ့ထက်တိုင် . . မနိုးဘဲ အိပ်ပျော်နေလေတော့၏။

ဦးပေတလူ၏ နေထိုင်ရာ အရပ်ဒေသကို မည်သူမျှ မရောက်ဖူးကြချေ။ အလွန်ဝေးကွာလှသော သီခတောင်ပေါ်တွင် နေသည်ဟုသာ သိကြရလေသည်။

အကြောင်းစုံကို သိရသောအခါ မောင်ဆယ်က ကုသပေးရန် တာဝန်ယူ၏။ သို့သော် လိုအပ်သော ဆေးမြစ်မှာ 'တစ်ပိုင်းကွယ်' တောင်ထိပ်တွင်ရှိလေသည်။ ထိုတောင်မှာ အလွန်မြင့်ပြီး၊ မိုးတိမ်တို့ကိုပင် ဖောက်ထွင်းတည်ရှိ၏။ ခါးလည်မှ တောင်ခြေအထိ ပျောက်ကွယ်နေသဖြင့် မည်သည့်သူမျှ တက်ရောက်နိုင်ခြင်းမရှိချေ။

မောင်ဆယ်က စံဖူးကို လူမမာအိမ်၌ အစောင့်ထားခဲ့ပြီးလျှင် ဆေးမြစ်ယူရန် ပြင်ဆင်၏။

ရတနာသုံးပါးနှင့် မိဘတို့ကိုလည်းကောင်း၊ ဆရာရသေ့ကြီးကိုလည်းကောင်း၊ ရည်စူး၍ကန်တော့ပြီးလျှင် အိမ်ရှေ့ရှိကွက်လပ်တွင် ထွက်၍ရပ်၏။ ထို့နောက် မျက်စိကိုမှိတ်၍ အောက်ပါအတိုင်း ရွတ်ဆိုလိုက်သည်။

"မိုးမှုန်ကလေးတွေ ပြေးလို့ပျော်၊ သက်တံ တံတားကြီးပေါ်"

mgyoe.com

mgyoe.com


ဤသို့ သုံးခေါက်ရွတ်လိုက်ရာ၊ သက်တံကြီးသည် ကွေးကွေးကြီးပေါ်လာလေတော့၏။ မောင်ဆယ်သည် ထိုသက်တံတံတားကြီးပေါ်သို့တက်၍ လျှောက်သွားရာ၊ အဖျားဘက်သို့ရောက်သောအခါ တိမ်များကွယ်သွားသဖြင့် မမြင်ကြရတော့ချေ။

စံဖူးကား မုန့်ကြာစေ့၊ မုန့်ကြာရိုးများကို စားရင်း စကားတွေများနေ၏။ ဒေါ်မယ်က အနားမှထိုင်၍ နားထောင်သည့်အခါ နားထောင်လိုက်၊ မေးမြန်းသည့်အခါ မေးမြန်းလိုက်နှင့် လုပ်နေသည်။

"မောင်ဆယ်က ပညာတော်တော်တတ်သလား"

"ဟာ . . သိပ်တတ်တာပေါ့၊ ကျွန်တော့်ထက် တတ်တယ်"

"ဩော် ဟုတ်လား၊ မင်းထက် တတ်တာကိုး၊ ဒါနဲ့ မင်းကကော ဘယ်လောက်တတ်သလဲကွဲ့"

"ကျွန်တော်က သူ့လောက်မတတ်တာတစ်ခုပဲပေါ့၊ မုန့်ကြာစေ့ ထည့်ပါဦး"

"ဩော် . . အေး ရော့ရော့၊ ဒါထက် သမီးရဲ့ ရောဂါဟာ ပျောက်နိုင်ပါ့မလားကွဲ့"

"ဟာ . . ပျောက်မှာ မုချပါပဲ၊ ကိုကိုပြန်ဆင်းလာရင် ဆေးမြစ်ပါလာလိမ့်မယ်၊ ဒါလေး သွေးလိမ်းလိုက်ရင် ချက်ချင်းပျောက်မှာပေါ့"

"ဘယ်နေရာကို လိမ်းရမှာလဲ"

"ဟိုနေရာပေါ့၊ မှော်ဆရာကြီးက တူရွင်းနဲ့ တူးသွားတယ်ဆိုတဲ့ နေရာကိုပေါ့ ဒေါ်ဒေါ်ရဲ့"

"အို . . အပ်နဲ့ ထိုးသွားတာပါလေ"

"ဩော် ဟုတ်ကဲ့၊ ကျွန်တော် နည်းနည်းပါးပါး အပြောမှား

mgyoe.com

mgyoe.com


သွားလို့ပါ၊ မုန့်ကြာရိုးလေး နည်းနည်းလောက်"

"ဩော် . . ဟုတ်ပါရဲ့၊ မုန့်ကြာရိုးက ကုန်ပြန်ပြီကိုး၊ ကဲ ရော့ရော့"

ထိုသို့ရှိနေခိုက်တွင် ဦးပေတလူသည် ရောက်လာလေ၏။ လူစိမ်းကို တွေ့သောအခါ အနားသို့လာရောက် ထိုင်ပြီး၊ အကဲခတ်ရင်း ဒေါ်မယ်ကို စကားပြောလိုက်သည်။

"ဘယ့်နှယ်လဲ . . ဒေါ်ဒေါ်ရဲ့ ရွှေပန်းခိုင်ကို ပြန်တွေ့ပြီလား"

"မတွေ့သေးပါဘူးလေ"

"ဒါဖြင့်ရင်လည်း ခင်မိုးသူနဲ့ ကျွန်တော်နဲ့ ပေးစားလိုက်ပါလေ၊ ဒီရောဂါ ချက်ချင်းပျောက်အောင် ကျွန်တော်လုပ်ပေးမှာပေါ့"

ထိုခဏ၌ စံဖူးက ဦးပေတလူ၏ ပေါင်ကို ပုတ်လိုက်သဖြင့် ဦးပေတလူသည် စံဖူးကို လှည့်ကြည့်ရ၏။

"မရှိမသေဗျာ ဟောဒီ ပန်းကန်လေးယူပြီး မုန့်ကြာစေ့ သွားထပ်ထည့်ခဲ့စမ်းပါ"

ဦးပေတလူသည် ယောင်ပေါင်ပြီး ပန်းကန်လေး လှမ်းယူ၍ ထလိုက်ပြီးမှ ဆောင့်ကြီးအောင့်ကြီးနှင့် ပြန်ထိုင်လိုက်၏။

"အောင်မာ . . ဘာလဲကွ၊ မင်းက လူကို ခိုင်းစရာ မှတ်လို့လား"

"ဩော် . . . စိတ်မရှိပါနဲ့ဗျာ၊ မုန့်ကြာစေ့ ထပ်ထည့်တဲ့ အလုပ်မျိုးဟာ လူကိုခိုင်းမှ ရတော့မှာပေါ့၊ တိရစ္ဆာန်တွေခိုင်းလို့ရပါ့မလား"

"မင်းတော်တော် လူပါးဝပါကလား"

"မဝသေးပါဘူး ခင်ဗျာ . .၊ ဒါ့ကြောင့် မုန့်ထပ်ထည့်ခိုင်းနေတာပေါ့. . ."

mgyoe.com

mgyoe.com


ဦးပေတလူသည် လွှန်မင်းစွာ ဒေါသ,ထွက်၍ အံကိုကြိတ်ကာ၊ ကြိမ်းမောင်းလိုက်၏။

"တယ်. . ."

"ဟုတ်ကဲ့. . . တယ်ခိုင်းထားပါတယ်၊ ကျွန်တော်လည်း ရေနွေးကြမ်းသောက်ချင်တာပဲ ဥစ္စာ. . ."

"ဟင်းနော်. . "

"ဟင်းကတော့ တယ်စရာမလိုတော့ပါဘူး၊ ထမင်းစားပြီးပြီပဲ ဥစ္စာ. . ."

"မင်းသေချင်သလား. . ."

"ဟာ- ကြုံကြုံဖန်ဖန်၊ ကျွန်တော် မသေချင်ပါဘူး ခင်ဗျာ. . .၊ ဦးကို ဘယ်သူက ကျွန်တော် သေချင်နေတယ်လို့ ပြောလိုက်သလဲ၊ မယုံပါနဲ့ ခင်ဗျာ၊ အလကား ကောလာဟလတွေပါ. . ."

ဦးပေတလူသည် ဒေါသ,ဖြင့် မတ်တတ်ရပ်လိုက်၏။ ထိုခဏ၌ သူဌေးကြီး ဦးဆန္ဒ ပြန်ရောက်လာလေရာ. . .၊ ဒေါ်မယ်က အကျိုးအကြောင်းပြောပြ၏။ ဦးဆန္ဒ မှာ ဝမ်းသာအားရနှင့် အပြင်ထွက်၍ ကောင်းကင်သို့မော်ကြည့်လိုက်၏။ ဦးပေတလူကလည်း အပြင်ဘက် လိုက်ထွက်၍ မော့ကြည့်၏။ သို့သော် သူကတော့ မနာလိုစိတ်နှင့် ကြည့်ခြင်းပါ. . .။

"ဟော. . ပြန်ဆင်းလာပြီ"

လူတွေက အော်ကြ၏။ သက်တံတံတားကြီးပေါ်တွင် မိုးတိမ်ထဲမှ ထွက်ပေါ်လာသော မောင်ဆယ်ကို ရေးရေးကလေး မြင်ကြရသည်။ ထိုအခိုက်တွင် ဦးပေတလူက နှုတ်မှရွတ်ဆိုလိုက်၏။

"မိုးမှုန်ကလေးတွေ လေကနှောက်. . . သက်တံတံတားကြီး

mgyoe.com

mgyoe.com


ပျောက်. . . ”

ဤသို့ သုံးခါရွတ်လိုက်ရာ. .၊ သက်တံ တံတားကြီးမှာ ရုတ်တရက် ကွယ်ပျောက်သွားလေတော့သည်။ မောင်ဆယ်သည်လည်း. . . ကျွမ်းထိုးမှောက်ခုန်ကျလာလေ၏။ သို့သော် မောင်ဆယ်ကား သတိကောင်းသူဖြစ်၏။

“အရှရေ. . အရှ- အရှ”

နှုတ်မှ တမ်းတ,လိုက်၍ မကြာမီပင် လေကြောင်းခရီးမှ မြင်းဖြူကြီးသည် တရိပ်ရိပ်နှင့် ပေါ်လာကာ၊ မောင်ဆယ်အား ကျောကုန်းဖြင့် ဖမ်းယူတင်ဆောင်၍ မြေပြင်သို့ ခေါ်လာခဲ့လေသည်။

မောင်ဆယ်မြေပြင်သို့ ရောက်သောအခါ ဦးပေတလူမှာ ထွက်ပြေးနှင့်ပြီဖြစ်၏။

အရှက နောက်နှစ်ရက်ကြာလျှင် မိမိသည်လည်း အရွယ်ရောက်ပြီဖြစ်၍ မောင်ဆယ်တို့နှင့် လာနေတော့မည်ဟု ပြောကာ နှုတ်ဆက်ပြန်သွားလေ၏။

မောင်ဆယ်သည် ဆေးမြစ်ကလေးကိုင်၍ ခင်မိုးသူ အနားသို့ကပ်လာစဉ် ဦးဆန္ဒနှင့်ရင်ဆိုင်တွေ့ရလေတော့သည်။ ဦးဆန္ဒကား. . . အခြားသူမဟုတ်ပါတကား၊ မိမိတို့၏ အိမ်ကို ရက်ရက်စက်စက်သိမ်းယူပြီး မိမိတို့ကို နှင်ချပစ်လိုက်သူပင်ဖြစ်နေသည်။ တကယ်ဆိုလျှင် မိမိ တို့ပေးထားခဲ့သော အတိုးငွေမှာ အရင်းငွေထက် သုံးဆခန့်ပင်ရှိနေရာ. . .၊ ဤမျှလောက် ရက်စက်ဖို့ မကောင်းချေ။

မောင်ဆယ်၏ရင်ထဲတွင်. . . ဗလောင်ဆူ၍ လာတော့၏။ လက်ထဲမှ ဆေးမြစ်ကိုလည်း ကျစ်ကျစ်ပါအောင် ဆုပ်ထားမိသည်။

mgyoe.com

mgyoe.com


ခင်မိုးသူကို သူသည် ဆေးကုမပေးချင်တော့ပါ။

ထိုခဏ၌ ရသေ့ကြီး၏အသံကို ကြားရတော့သည်။

"ချစ်သား. . . မောင်ဆယ်၊ မကောင်းသော အကျင့်ရှိသူကို ကောင်းသောအကျင့်ဖြင့် တုံ့ပြန်ပါ၊ ကိုယ်တတ်တဲ့ ပညာဟာ အများတကာရဲ့ အကျိုးကို သယ်ပိုးရွက်ဆောင်ဖို့အတွက် ဖြစ်ပါစေ၊ သင့်အသက်ကို သေအောင် မကြံစည်သမျှ သင့်ရန်သူလို့ မသတ်မှတ်ပါနှင့်. . ."

မောင်ဆယ်သည် ရသေ့ကြီး၏ အသံဆုံးသောအခါ ခင်မိုးသူကို ဆေးကုသပေးလိုက်လေ၏။ ခင်မိုးသူလည်း အကောင်းပကတိ ဖြစ်လာတော့သည်။

ဦးဆန္ဒမှာ များစွာ နောင်တ,ရကာ၊ မတရားလောဘကြီးသူ မဖြစ်တော့ဘဲ ကိုယ်ကျင့်တရား ကောင်းအောင်နေမည်ဟု ဆုံးဖြတ်လိုက်၏။ မောင်ဆယ်ကိုလည်း သမီးနှင့်ထိမ်းမြားပြီး၊ စည်းစိမ်ချမ်းသာများကို ခွဲဝေပေး၏။ စံဖူးကိုလည်း ငွေကြေးစည်းစိမ်များပေး၍ အလုပ်လုပ်ကိုင်စေ၏။

အရွှရောက်လာသည့်နေ့ကား မောင်ဆယ် အလွန်ပျော်ရသော နေ့ဖြစ်လေသည်။ သူငယ်ချင်းဟောင်းနှင့် အတူတကွ ပြန်လည် နေထိုင်ရသောကြောင့် ပျော်ရွှင်ရခြင်းဖြစ်၏။ ပို၍ ပျော်ရွှင်စရာ ကောင်းသော ဖြစ်ရပ်ကား- အရွှသည် ဦးပေတလူနေသော သိခ, တောင်ကို ကောင်းစွာ သိသောကြောင့်ဖြစ်၏။ ထို့ကြောင့် တစ်နေ့ တွင် မောင်ဆယ်သည် အရွှကိုစီး၍ ဦးပေတလူ၏ အိမ်မှ ရွှေပန်းခိုင်ကို ဦးပေတလူ၏အလစ်တွင် ပြန်လည် ယူငင်လာခဲ့လေသည်။

မောင်ဆယ်ကား. . ဦးပေတလူ၏ ဉာဏ်နီ ဉာဏ်နက်အကွက်ဆင်

mgyoe.com

mgyoe.com


ခြင်းကို ရိပ်မိထားသူ ဖြစ်သောကြောင့်တည်း။

ဦးပေတလူ လာရောက်၍ "ရွှေပန်းခိုင်ကို တွေ့သေးသလား" ဟု မေးမြန်းသောအခါ ထုတ်ပေးလိုက်သည်တွင် ဦးပေတလူမှာ အံ့ဩထိတ်လန့်သွား၏။ မိမိက တိတ်တဆိတ် ပြန်၍ခိုးယူထားသော ရွှေပန်းခိုင်ကို ယခုကဲ့သို့ထုတ်ပေးသောအခါ မိမိက ခင်မိုးသူကို မိမိနှင့် ပေးစားအောင် လုပ်သောအကြံတွေ ပေါ်ကုန်ပြီ ဖြစ်သောကြောင့်ပင်ဖြစ်၏။

ဦးပေတလူမှာ ရွှေပန်းခိုင်ကိုပင် မယူနိုင်တော့ဘဲ၊ ထွက်ပြေးလေတော့ရာ ချောက်ကမ်းပါးမှ အရှိန်လွန်ကျပြီး သေဆုံးလေတော့သည်။

အရှကား. . . မြင်ရသော အဖြစ်အပျက်များကို သဘောကျလွန်းသဖြင့် ပါးစပ်ကြီးဖြဲ၍ တဟီဟီနှင့် ရယ်မောလေရာ စံဖူးက မုန့်ကြာရိုး၊ မုန့်ကြာစေ့များနှင့် ပစ်သွင်းမှ ပါးစပ်ကြီး ပြန်ပိတ်သွားတော့၏။

သိန္ဓောမြင်းရှင် မောင်ဆယ်၏သတင်းကား များစွာကျော်ကြားလူပြောများလျက်ရှိနေလေသည်။

❑

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# ဖေဖေ့ဓားမတိုလေး

တစ်ရံရောအခါတွင် မင်းနေပြည်တော်၏ အစွန်အဖျား၊ ဆင်းရဲသားရပ်ကွက်တွင် မောင်သွက်ဆိုသူ သူငယ်လေးတစ်ဦး နေထိုင်လေသည်။ မောင်သွက်သည် ဖခင်အိုကြီးနှင့်အတူ တဲငယ်တစ်ခုတွင် နေထိုင်ကြ၏။ သူငယ်စဉ်ကပင် မိခင်သေဆုံးသွား၍ ဖခင်ကြီးကပင် ပင်ပန်းစွာလုပ်ကိုင် ကျွေးမွေးခဲ့ရလေသည်။

ယခု မောင်သွက် အသက် ၁၂ နှစ်ခန့်ရှိသောအခါတွင်ကား ဖခင်ကြီးမှာ နာမကျန်းဖြစ်၍ အိပ်ရာထဲတွင် ဗုန်းဗုန်းလဲလေတော့၏။

"ငါ့သားမောင်သွက်၊ ဖေဖေ မရှိတော့ရင် မျက်နှာငယ်ခံပြီး ဘယ်သူနဲ့မှ ကပ်ရပ်မနေနဲ့၊ ဟောဒီ ဖေဖေ့ ဓားမတိုလေးကိုလက်က ဘယ်တော့မှ မချနဲ့၊ ဒီဓားမတိုလေးနဲ့ ဖေဖေဟာ တစ်သက်လုံး ရှာဖွေလုပ်ကိုင် စားသောက်လာတာ၊ ဒီတော့ ငါ့သားဟာလည်း ကိုယ့်ထူးကိုယ်ချွန်စိတ်မွေးပါ၊ ဒီဓားမတိုလေးနဲ့ဘဝကို ရဲရဲဝံ့ဝံ့ရင်ဆိုင်ပြီး လုပ်ကိုင်စားသောက်ပါလေ"

ဖခင်ကြီးက ဤသို့မှာကြားသောအခါ၊ မောင်သွက်သည် မျက်

mgyoe.com

mgyoe.com


ရည်များကြာမှပင် ထိုအတိုင်း လိုက်နာပါမည်ဟု ဝန်ခံကတိပေး လိုက်လေ၏။

များမကြာမီပင် ဖခင်ကြီး ကွယ်လွန်သွားလေရာ၊ မောင်သွက် သည် ဖခင်ကြီးထံတွင် ဝန်ခံကတိပြုခဲ့သည့်အတိုင်းပင်၊ ဖခင်ကြီး ၏ ဓားမတိုကလေးကို လက်ကမချဘဲ အလုပ်များကို လုပ်ကိုင်ခဲ့ လေသည်။

သူသည် ယာတောကိုင်းတောများကို ရှင်းလင်းပေးခြင်း၊ ဝါး ခုတ်ခြင်း၊ ထင်းခွေခြင်း၊ နှီးဖြာခြင်းစသော ဓားမတိုလေးနှင့် လုပ် ကိုင်၍ ရသမျှသော အလုပ်များကို ကြိုးစားလုပ်ကိုင်သည်။ ဤသို့ ဖြင့် သုံးလေးနှစ်ကြာသောအခါတွင် ဖခင်ကြီး၏ ဓားမတိုလေးမှာ သူ၏ ညီအစ်ကိုပမာ သံယောဇဉ်တွယ်လာခဲ့ရသည်။

ဤနေပြည်တော်ကြီးတွင် မင်းလုပ်၍ အုပ်ချုပ်လျက်ရှိသော ရှင်ဘုရင်ကြီးတွင် "ပင်တိုင်စံ မယ်မာန"ဟု အမည်တွင်သော သမီး တော်တစ်ပါးရှိလေသည်။ ယင်းသမီးတော်သည် မောင်သွက်နှင့် ရွယ်တူလောက်ပင် ရှိ၏။ နာမည်နှင့်လိုက်အောင် အလွန်ပင် မာန ကြီးသူတစ်ဦးဖြစ်ပေ၏။

မင်းသမီးလေး မယ်မာနသည် နှစ်သစ်ကူးတိုင်း အတာပွဲတော် သဘင်ကို ဆင်ယင်ကျင်းပသောအခါ မြို့တော်တစ်ဝိုက်လှည့်လည် ၍ ပျော်ရွှင်မြူးတူးလေ့ရှိသည်။

ဤပွဲတော်အခါတွင် သင်္ကြန်ရေကစားကြရင်း များစွာသော ယောကျာ်းပျိုတို့သည် မင်းသမီးလေး၏ အလွန်ချောမောလှပသော ရုပ်ရည်ကို မြင်သဖြင့် စွဲလမ်းခြင်းဖြစ်ကြ၏။ ခမည်းတော်ဘုရင်ကြီး က .. မည်သူမဆို သူ၏ သမီးတော်အား ချစ်ခင်နှစ်သက်ခြင်း

mgyoe.com

mgyoe.com


ရှိပါလျှင် အခစားဝင်ရောက်၍ သမီးတော်ထံမှ မေတ္တာကို တောင်း ယူနိုင်သည်။ သမီးတော်က ကျေနပ်သူဖြစ်လျှင် လက်ထပ်ပေးမည် ဟုဆို၏။ သို့သော် သမီးတော် မယ်မာန၏စိတ်က အခန့်မသင့် လျှင် ရိုးရိုးငြင်းပယ်ရုံမကဘဲ၊ လက်မရွံ့အာဏာသားကြီးလက်သို့ အပ်လိုက်နိုင်လေသည်။

တစ်ခါက မြို့တော်၏ နာမည်ကျော်အတိဘောဂ သူဌေးကြီး သားသည် ပင်တိုင်စံမယ်မာနကို နှစ်သက် စွဲလမ်းမိ၍ နောက်နေ့ တွင် အခစားဝင်ကာ မင်းသမီး၏ မေတ္တာကို တောင်းခံလေ၏။ မေတ္တာတောင်းခံပွဲသို့ အယုတ်အလတ် အမြတ်မရွေးဘဲ ပရိသတ် ပေါင်းစုံတို့ လာရောက်ကြည့်ရှုကြသည်။ အတိဘောဂသူဌေးကြီး သည် ဆင်းရဲသားများအပေါ် မညှာမတာအနိုင်ကျင့်၍ ငွေကြေး ချမ်းသာလာသူဖြစ်ရကား၊ ပြည်သူပြည်သားတို့သည် ထိုသူဌေးကြီး ကို ချစ်ခင်ခြင်းမရှိကြချေ။

ထို့ကြောင့်ပင် မင်းသမီးလေးသည် သူဌေးသားကို မြင်လျှင် မာနချကာ လက်ခံလိုက်လေမည်လားဟု တထိတ်ထိတ်နှင့် လာ ရောက်ကြည့်ရှုကြခြင်းသာဖြစ်လေသည်။ သူဌေးသားကို မင်းသမီး က လက်ထပ်မည်ဆိုလျှင် မည်သူကမှ ကျေနပ်သဘောကျကြမည် မဟုတ်ချေ။

မင်းသမီးလေး ထွက်တော်မူလာသောအခါ သူဌေးသားသည် ထိုင်ရာမှထ၍ မင်းသမီးထံသွားပြီး အနားတွင် ဒူးထောက်လိုက် သည်။

"နှမတော် . . နှမတော်၏ ရူပါရုံဒဏ်ချက်ကြောင့် မောင်တော် ၏ အသည်းများ ကွဲအက်ကုန်ပြီ နှမတော်"

mgyoe.com

mgyoe.com


ဤစကားကို ကြားရသောအခါ မင်းသမီးလေး သည် ဣန္ဒြေကို မဆည်နိုင်ဘဲ လက်ခုပ်လက်ဝါးတီး၍ ရယ်ကာ . . .

"သင်သည် ကျွန်ုပ်ကို သက်သက်လာ၍ လိမ်လည်နေတယ်၊ အသည်းများကွဲအက်ခဲ့သော် ဤသို့ပင် လမ်းလျှောက်နိုင်မည် မဟုတ်၊ သမားတော်ကြီးများရှေ့တွင် မေ့မျောနေပေမှာပေါ့" ဟု ပြောပြီးသော် စိတ်တိုင်းမကျ သဖြင့် လက်မရွံ့အာဏာသားကြီးထံ အပ်လိုက်ရာ၊ ပရိသတ်မှာ တဝါးဝါးနှင့် ကျေနပ်သွားလေတော့ သည်။

အတိဘောဂသူဌေးကြီးကား လွန်စွာမှ မျက်နှာမကောင်းချေ။ သို့သော် . . ကြေညာထားသော စည်းကမ်းချက်ဖြစ်၍ လွန်ဆန် ၍မရ။

ကြိုးများဖြင့် ဝိုင်းကာထားသော ကွက်လပ်တွင် သူဌေးသား နှင့်အာဏာသားကြီးတို့ ရင်ဆိုင်တွေ့ကြလေပြီ။

သူဌေးသားသည် ဤအာဏာသားကြီးကို နိုင်အောင် နပမ်း သတ်နိုင်လျှင်ကား အသက်ချမ်းသာရာရမည်။ ရှုံးလျှင်ကား အာဏာသားကြီး၏လက်တွင် သေရမည်ဖြစ်လေ၏။

အာဏာသားကြီးမှာ အရပ်လည်းမြင့်လှ၏။ ကိုယ်လုံးကြီးမှာ လည်း အလွန်ဝ၍ တုတ်တုတ်ခိုင်ခိုင်ဖြစ်သည်။ အာဏာသားကြီး သည် သူဌေးသားဆီသို့ တစ်လှမ်းချင်း တစ်လှမ်းချင်း ချဉ်းကပ်လာ ၏။ သူဌေးသားမှာ ကြောက်ကြောက်နှင့်ပင် ရပ်ကြည့်နေလေသည်။

အနီးသို့ ရောက်သောအခါ . . . အာဏာသားကြီးသည် ဇတ် ခနဲ လက်နှစ်ဖက်ဖြင့် ဖမ်းယူပွေ့ပိုက်လိုက်၏။ သူဌေးသားသည် ရုတ်တရက်ပင် အာဏာသားကြီး၏ ပေါင်ကြားမှ ငုံ့လျှိုး၍ ဖင်

mgyoe.com

mgyoe.com


အောက်မှ ထွက်ပြေးသွားလေ၏။

အာဏာသားကြီးသည် တစ်ပတ်ပြန်လှည့်ကာ စောစောက ကဲ့သို့ပင် ဖမ်းလိုက်၏။ သူဌေးသားကလည်း ဘာမှမလုပ်တတ်သဖြင့် စောစောကကဲ့သို့ပင် ပေါင်ကြားမှ လျှိုပြေး၏။ ဤတစ်ချီတွင် အာဏာသားကြီးသည် ဒူးနှစ်ဖက်ကိုဆွဲ၍ အတင်းစေ့လိုက်သည်။ သို့သော် သူဌေးသားမှာ လျင်မြန်သွားသဖြင့် အာဏာသားကြီး၏ ဒူးခေါင်းနှစ်ဖက်မှာ အချင်းချင်း ဂွပ်ခနဲ တိုက်မိလေရာ "အာပါ . . အီတယ်ဟေ့"ဟု အော်မြည်မိလေ၏။

သို့သော် . . သူ ကြာကြာတော့ အော်မြည်မနေပါ။ နောက်တစ်ချီဖမ်းရန် ကြိုးစားပြန်၏။ သူဌေးသားဆီသို့ တစ်လှမ်းချင်း တစ်လှမ်းချင်း ချဉ်းကပ်လာပြန်သည်။ ဤတစ်ကြိမ်တွင်ကား သူဌေးသားသည် ပြုံးရွှင်နေ၏။ စိတ်ထဲမှ "ဒီကောင်ကြီးဟာ လူကောင်ကြီးသလောက် ပေါချာကြီးပဲ"ဟု တွေးနေမိသည်။ သူဌေးသားသည် သူ၏သျှောင်ကိုမြင်၍ထုံးလိုက်သေး၏။

အာဏာသားကြီးသည် အနားသို့ရောက်လာသောအခါ လက်က ဖမ်းမည်ကဲ့သို့ပြုလုပ်၏။ သို့သော် လက်ကဟန်သာ ဆောင်သည်။ သူ တကယ်လုပ်သည်ကတော့ ဒူးခေါင်းကို ရှေ့ထုတ်၍ ချွန်ပေးလိုက်သည်ဖြစ်ရာ၊ ရုတ်တရက် လျှို၀င်လိုက်သော သူဌေးသားမှာ ဒူးခေါင်းကို နဖူးနှင့် ကိုယ့်ဘာသာကိုယ် အားရပါးရ ပြေးဆောင့်လိုက်သလို ဖြစ်သွားလေ၏။

ဖုတ်ခနဲ ပက်လက်ကလေး လန်ကာ၊ သူဌေးသားမှာ မျက်ဖြူလန်၍ သေသွားလေတော့သည်။

ထို့နောက်တွင် တော်ရုံတန်ရုံလူသည် ပင်တိုင်စံမယ်မာန၏

mgyoe.com

mgyoe.com


မေတ္တာကို မတောင်းခံတော့ချေ။

မင်းသမီးသည် လာတောင်းသမျှကိုတော့ အာဏာသားကြီး၏ လက်ကို အပ်လေ့မရှိပါ။ သူ့စိတ်ထဲတွင် တော်တော်မြင်ပြင်းကပ်သူကိုမှ အပ်လေ့ရှိ၏။

တစ်ခါသော် . . မင်းသမီးသည် သကြ္ကြန်ပွဲတော် လှည့်လည်ပျော်ပါးလေသည်။ ယင်းသို့ပျော်ပါးသော ပင်တိုင်စံ မယ်မာနကို မောင်သွက်သည် မြင်တွေ့သွား ၏။ မောင်သွက်ကား ထိုနေ့ညတွင် အိပ်၍မပျော်တော့ချေ။ မယ်မာနကို စွဲလမ်းသွားလေတော့သည်။

ထို့ကြောင့် နောက်တစ်နေ့တွင် ဓားမတိုလေးကို ခါးကြားထိုး၍ မင်းသမီးထံ ခ,စားကာ မေတ္တာတောင်းခံလေ၏။

"ပင်တိုင်စံ ပင်တိုင်စံကို ကျွန်တော်မြင်မြင်ချင်း စွဲလမ်းမိပါတယ်၊ ကျွန်တော့်ကို မေတ္တာတုံ့ပြန်ပါ"

"အောင်မယ်လေး . . . ဖြစ်မှဖြစ်ရလေ၊ သင့်မှာ အသုံးမကျတဲ့ ဓားမတိုလေးတစ်ချောင်းကလွဲလို့ ဘာများ ပိုင်ဆိုင်တာရှိလို့လဲ မောင်သွက်ရဲ့"

မောင်သွက်၏ မျက်နှာသည် ရဲရဲနီသွားလေ၏။

"ဒါဟာ ဖေဖေ့ဓားမတိုလေးပါ၊ ဒါကိုတော့ မစော်ကားစေချင်ဘူး၊ ဒီဓားမတိုလေးက ကျွန်တော့်ကို ဒီနေ့ထက်ထိ အသက်ရှင်အောင် ကျွေးမွေးခဲ့တယ်၊ ဖေဖေမရှိတဲ့နောက် သူဟာ ကျွန်တော့်ကျေးဇူးရှင်ပါ"

မင်းသမီးသည် မောင်သွက်၏စကားများကို ကြားရသောအခါ အားရပါးရ ရယ်လိုက်လေ၏။

"အောင်မယ်လေး . . မောင်သွက်ရယ်၊ ဒီနန်းတော်မှာ မောင့်

mgyoe.com

mgyoe.com


ကျေးဇူးရှင်မျိုးတွေကို တစ်ပုံကြီးဝယ်နိုင်လောက်အောင် ရွှေငွေတွေရှိပါတယ်၊ ဒါကြောင့် ဘာမဟုတ်တဲ့ ခါးမတိုကို ကျေးဇူးတင်နေရတဲ့ လူစားမျိုးကို သခင်မရဲ့ ကြင်ယာတော်အဖြစ် မလိုချင်ဘူး"

မင်းသမီးသည် ဤသို့ပြောပြီးသော် အတွင်းဘက်သို့ ပြန်ဝင်သွားလေ၏။ မောင်သွက်ကို အာဏာသားကြီး၏ လက်သို့ကား မအပ်ချေ။

လာရောက်ကြည့်ရှုကြသော ပရိသတ်သည် ဝိုင်းဝန်းရယ်မောကြ၏။ များစွာသော သူတို့က မောင်သွက်ကို လှောင်ပြောင်ကြ၏။ သို့ဖြစ်သောကြောင့် မောင်သွက်သည် များစွာရှက်သည်ဖြစ်၍ ဤအရပ်တွင်မနေတော့ဘဲ၊ ခါးမတိုလေး ခါးထိုးကာ ခြေဦးတည့်ရာသို့ ထွက်လာခဲ့လေတော့သည်။

မကြာမီပင် ပင်လယ်ကမ်းနားရှိ တံငါရွာကြီးတစ်ရွာသို့ ရောက်လာလေ၏။ မောင်သွက်မှာ အလွန်ဆာလောင်လှသည်ဖြစ်သောကြောင့် တံငါအိုကြီးတစ်ယောက်ထံတွင် ထမင်းတစ်နပ် ကျွေးပါရန်နှင့် ထိုထမင်းတစ်နပ်အတွက် အလုပ်ကိုပေးရန် တောင်းခံလေသည်။

တံငါအိုကြီးသည် မောင်သွက်ကို ထမင်းတစ်နပ်တော့ ကျွေး၏။ သို့သော် အလုပ်ပေးစရာမရှိဟုဆိုသည်။ ထိုအခါတွင် မောင်သွက်သည် ထိုတံငါအိုကြီးသာမက တစ်ရွာလုံးရှိ တံငါများမှာ များစွာထိတ်လန့်ကြောက်ရွံ့နေကြပုံရှိသည်ကို သတိပြုမိလေ၏။ ဤသို့သတိပြု၍ မေးလတ်သောအခါ တံငါအိုကြီးက အောက်ပါအတိုင်း ပြောပြလေသည်။

mgyoe.com

mgyoe.com


"ဒီလိုကွဲ့. ဒီညဆိုရင် နဂါးကြီးလာတော့မယ်၊ ဒီနဂါးကြီးဟာ တစ်လကို တစ်ခါလာတယ်၊ သူ့ဆီကို စားစရာတွေ သွားပို့ရတယ်။ သူကြိုက်တာပါမှ စားတယ်၊ ကြိုက်တာမပါရင် လာပို့တဲ့လူကို စားတယ်၊ ခက်တာက သူ ဘာကြိုက်မှန်းမသိတော့ စားစရာတွေစုံအောင် ယူယူသွားကြရတာဘဲ၊ ဒါပေမဲ့ တစ်ခါမှ ပို့တဲ့လူပြန်မလာတော့၊ သူဘာကို ကြိုက်မှန်းကို မသိဘူး"

တံငါအိုကြီး၏ စကားကို ကြားရသောအခါ မောင်သွက်သည် တစ်ရွာလုံးကို သနားသွားလေ၏။

"သွားတဲ့အခါကျတော့ အစာပို့တဲ့လူတစ်ယောက်တည်း သွားရသလား"

"ဒါပေါ့ကွဲ့. ဘယ်သူမှ မလိုက်ရဲကြဘူး၊ နဂါးကြီး လာလို့ လှိုင်းသံတွေကြားတယ်ဆိုရင်ပဲ တစ်ရွာလုံး အိမ်တံခါးတွေပိတ်ပြီး ကုပ်နေကြရတယ်၊ မဲကျတဲ့လူက သွားပို့ရတာပဲ"

"ဒါဖြင့် ဒီနေ့ ဘယ်သူ့ကိုမှ မဲမချနဲ့တော့ ကျွန်တော် သွားမယ်"

မောင်သွက်က သွားမည်ဆို၍ တစ်ရွာလုံးမှာ ဝမ်းသာသွားကြ၏။ ဤတစ်လအတွက်တော့ သူတို့ ရွာသားတစ်ဦးအသက် ချမ်းသာရာရသွားပြီ၊ ညဘက်ရောက်သောအခါ အားလုံးသည် မောင်သွက်ချမ်းသာစေရန် ဆု တောင်းကြ၏။

မောင်သွက်ကား နဂါးကြီး ဘာကြိုက်မှန်းမသိ၍ ဘာစားစရာကိုမှမယူခဲ့ပေ။ ဖခင်ကြီး၏ ဓားမတိုလေးကို ခါးကြားထိုးကာ၊ သောင်ပြင်သို့ ထွက်လာ၍ နဂါးကြီး အလာကို ထိုင်စောင့်၏။

မကြာမီပင် ပင်လယ်မှလှိုင်းလုံးကြီးများ အလိပ်လိုက် အလိပ်လိုက်ကြွတက်သွားလေ၏။ ထို့နောက် မရှေးမနှောင်းပင် နဂါးကြီး

mgyoe.com

mgyoe.com


၏ ဦးခေါင်းသည် မြင့်မားစွာ ပေါ်ပေါက်ခဲ့လေ၏။

"ဘယ်မှာလဲကွ .. ငါ့စားစရာ၊ တစ်ရွာလုံး ပြာကျသွားချင်သလားဟေ၊ ရေလွှမ်းမိုးသွားချင်သလား၊ ပြောစမ်း"

နဂါးကြီးက ကြိမ်းလိုက်၏။ မောင်သွက်သည် ထိုင်ရာမှ ထသွားကာ နဂါးကြီးကို ရဲရဲဝံ့ဝံ့ရင်ဆိုင်လိုက်သည်။

"ခင်ဗျားက ဘာကောင်လဲ၊ ပင်လယ်မျှော့ဆိုတာလား"

"ဖွတ် ဘယ်က ဟုတ်ရမှာလဲ၊ နဂါးကွ .. နဂါး"

"သြော် .. ခင်ဗျားဟာ မွေးကတည်းက နားရွက်ကြီး ကားနေလို့လား"

"တယ် .. ဒီကောင်ဟာ၊ မင်းဘယ်အရပ်ကလဲ၊ နဂါးဆိုတာ မကြားဘူးလားကွ"

"ကျွန်တော် ဒီအရပ်က မဟုတ်ဘူး၊ ကျွန်တော်တို့ ဆီမှာ ခင်ဗျားနဲ့ ခပ်ဆင်ဆင်တူတာတော့ ငရှဥ့်ဆိုတာရှိတယ်ဗျ"

နဂါးကြီးမှာ. . မတန်မရာနှင့် အနှိုင်းခံရသဖြင့် ဆတ်ဆတ်ခါ ဒေါပွသွားပြီး ခေါင်းကို ဟိုရမ်းသည်ရမ်းနှင့် လုပ်သည်။ လှိုင်းတံပိုးကြီးများ ဘောင်ဘင်ခတ်သွား၏။

"ဖွီ ငရှဥ့်က သေးသေးလေးကွ၊ ငါက နဂါးပါဆိုမှ"

"ဒီမှာတဆိတ် စကားပြောရင် ခေါင်းကို ငြိမ်ငြိမ်ထားပါဗျ၊ ရေတွေ ကျွန်တော့်ကိုစင်တယ်"

"မင်းတော်တော်လျှာရှည်ပါကလား၊ ကဲ- ဆာလှပြီ၊ ဘယ်မလဲ ငါ့အစာ. . ."

"ခင်ဗျားက ဘာကိုကြိုက်တတ်သလဲ. . ."

"လူသားကို. . . ကြိုက်တယ်သကွ"

mgyoe.com

mgyoe.com


"ဩော် ဒါကြောင့် အစာပို့တဲ့ လူတွေပြန်ပြန်မလာတာကိုး၊ ဟုတ်ပါပြီလေ. . .၊ ဒါကြောင့်လည်း ကျွန်တော် ဘာမှယူမလာဘူး၊ စားချင်ရင် ကျွန်တော့်ကိုစားတော့. . ."

"အလယ်ကွဲ. . . တော်တော်သတ္တိရှိတဲ့ ငနဲလေးပဲ၊ သတ္တိရှိလဲ လူသားဟာ လူသားပဲလေ စားရမှာပဲ"

ပြောပြောဆိုဆိုနှင့် နဂါးကြီးသည် မောင်သွက်ကို ငုံ၍ မျိုလိုက်လေတော့သည်။

မောင်သွက်ကား. . . ဝမ်းထဲသို့ ဒလိမ့်ခေါက်ကွေး ကျသွားရာမှ တည်ငြိမ်သွားသောအခါ မတ်တတ်ရပ်လိုက်၏။ ထိုနောက် ခါးကြားထဲမှ ဓားမတိုကိုထုတ်ကာ နဂါးကြီး၏ ဝမ်းဗိုက်အတွင်းသားကို ဓားနှင့် လျှောက်ခြစ်လေ၏။

နဂါးကြီးကား သောင်စပ်တွင် ထွန့်ထွန့်လူးနေတော့သည်။

"အလိုလေး. . . နာသဟ ဗိုက်ထဲက နာလှသဟ၊ အို- အလယ်လယ် စစ်ခနဲ စစ်ခနဲနဲ့ပါလားဟေ့၊ အရှိ့ သေပါပြီဗျ။ ဟာ- ဗိုက်ထဲက နာရတဲ့အထဲ ဘယ်ကောင်က ငါ့နောက်စေ့ကို အလစ်ဝင်ဝင် ရိုက်နေရပြန်ပါလိမ့်၊ အော်. . . ငါ့အမြီးကြီးပဲကိုး. . ."

နဂါးကြီးမှာ ဝမ်းဗိုက်ထဲက စပ်ဖျဉ်းစပ်ဖျဉ်းနှင့် ဖြစ်တိုင်း တွန့်လိမ်ကောက်ကွေး၊ ကော့လန် ခေါက်ချိုးလုပ်လေရာ တစ်ချက် တစ်ချက်တွင် သူ၏အမြီးကြီး သူ့နောက်စေ့ကို ဂွပ်ခနဲ ဂွပ်ခနဲ ပြေးပြေးရိုက်မိခြင်း ဖြစ်ပေ၏။

နောက်ဆုံးတွင် နဂါးကြီးမှာ လေသံပျော့လာရလေတော့သည်။

"အထဲက ကောင်ရေ၊ အဲလေ အထဲက ကိုယ်တော်လေးရေ၊ ကျေးဇူးပြုပြီး ငြိမ်ငြိမ်သက်သက်လေး စံပယ်တော်မူပါ၊ လက်စော်

mgyoe.com

မကမြင်း အဲလေယောင်လို့ လက်တော်ကို လှုပ်လှုပ်ရှားရှားလုပ်တော်မမူပါနဲ့၊ ကျွန်တော်မျိုးကြီးက ကိုယ်တော်လေးကို အပြင်ပြန်ထုတ်ပေးပါမယ်ဘုရား. . . "

နဂါးကြီးက ဤသို့တောင်းပန်သောအခါ. . မောင်သွက်သည် ဝမ်းဗိုက်အတွင်းသားများကို ဓားမတိုနှင့် ခြစ်ခြင်းကို ရပ်လိုက်။

"ဝေါ့. . . "

နဂါးကြီးက အန်ချလိုက်သည်တွင် မောင်သွက်မှာ ဓားမတိုလေးကိုကိုင်ရင်း ဒလိမ့်ခေါက်ကွေးကျလာလေ၏။

"ဟာ. . ခင်ဗျားက အရမ်းအန်ချရသလားဗျ။ လူ့ကို ဒလိမ့်ခေါက်ကွေး ဖြစ်သွားတာပဲ၊ ဖြည်းဖြည်းလုပ်မှပေါ့"

"ဟ အန်တယ်ဆိုတာ ဖြည်းဖြည်းလုပ်လို့ ရပ့ါမလားကွ၊ ဝမ်းထဲကကို ကလိကလိနဲ့ ဖြစ်လာတာပဲဥစ္စာ၊ မင်း မအန်ဖူးဘူးလားကွ"

"ကဲပါလေ ဒါတွေထားလိုက်ပါတော့၊ ခင်ဗျား နောက်ကို ဒီရွာကို ဘယ်တော့မှ မလာနဲ့တော့"

"စိတ်ချပါ မောင်ရာ. . .၊ ငါလည်း ကြောက်သွားပါပြီ၊ ငါ့ဘာသာငါပဲ ပင်လယ်ရေနက်ထဲမှာ သားကြီးငါးကြီး ရှာစားပါတော့မယ်၊ လူသားကို ဖြတ်လိုက်ပါတော့မယ်"

နဂါးကြီးက နောက်ကို မလာတော့ဘူးဆို၍ မောင်သွက်မှာ စိတ်အေးသွားရလေ၏။

"ဒါထက် နေပါဦးကွ၊ ငါ့ဗိုက်ထဲကို မင်းဘယ်လိုလုပ်တာလဲကွ၊ စပ်ဖျဉ်းဖျဉ်းကို ဖြစ်သွားတာပဲ"

"စပ်ဖျဉ်းဖျဉ်း မဖြစ်ခံနိုင်ပ့ါမလား။ ဒီဓားမတိုနဲ့ ခြစ်တာကိုးဗျ"

"ဟာ- ငါဒါတွေကို မမှုခဲ့ပါဘူးကွ၊ ဒီထက်ကြီးတဲ့ ဓားရှည်တွေ၊

mgyoe.com

 mgyoe.com 

လှံ့တွေ၊ မှိန်းတွေနဲ့ လူတွေကိုတောင်မျိုလာတာ၊ ဒီဓားမတိုက ဘာဓားမတိုမို့လို့လဲ"

မောင်သွက်က ဓားမတိုလေးကို လှမ်းပေးရင်း. . .

"ရိုးရိုးဓားမတိုပါပဲဗျာ၊ ဖေဖေအမွေပေးခဲ့တဲ့ ဓားမလေးပါ"

"ဪ. . . ဒါကြောင့်ကိုး၊ မိဘမေတ္တာဟာ ဒီဓားမလေးမှာပါလာတယ်ကွ၊ မိဘမေတ္တာဆိုတာ သိပ်စွမ်းတာလေ၊ အန္တရာယ်ကို သိပ်ကာကွယ်ပေးတာ၊ ဒါပေမဲ့ မိဘတိုင်း မေတ္တာထားကြလျက်နဲ့ သားသမီးတိုင်း မခံ စားရဘူးကွ၊ မိဘစကားနားထောင်တဲ့ သားသမီးကသာ မိဘမေတ္တာကို ခံစားရတာကိုး၊ မင်းက သားလိမ္မာမို့ မင်းအဖေရဲ့မေတ္တာကိုခံစားရတာပဲ၊ ကဲ. . . ငါကလည်း ဂုဏ်ပြုတဲ့အနေနဲ့ မင်းရဲ့ဓားမတိုလေးကို အသက်သွင်းပေးခဲ့ပါ့မယ်ကွာ"

ပြောပြောဆိုဆိုနှင့် နဂါးကြီးသည် ဓားမတိုလေးကို အာငွေ့နှင့် သုံးကြိမ်မှုတ်လိုက်၍ သောင်ပြင်ပေါ်သို့ ပစ်ချလိုက်လေ၏။ မောင်သွက်လည်း သူ့ဓားမတိုလေးကို ကောက်ယူမည် ပြုလိုက်သောအခါတွင် ဓားမတိုလေးသည် အံ့ဩဖွယ်ကောင်းစွာပင် သောင်ပြင်ပေါ်တွင် ထောင်လျက်ရပ်နေသည်ကို တွေ့ရ၏။

"ဟော့. . မောင်သွက်၊ ငါအသက်ဝင်နေပြီ သူငယ်ချင်းရ၊ မင်းနဲ့ငါ ကောင်းတူ ဆိုးဖက်လက်တွဲပြီး ဘဝခရီးနှင်ကြရအောင်ကွာ"

"အောင်မယ်. . တော်တော်လာတဲ့ ကောင်ပါလား"

"လာရမယ်လေ ဒါထက် ငါ့ကို အကောင်အကောင်နဲ့ မခေါ်နဲ့ကွာ နာမည်ပေးထားစမ်းပါ"

"ကောင်းပြီ၊ မင့်ကို ငါက ဓားမတိုလို့ခေါ်မယ် ဘယ့်နှယ်လဲ. . "

"ကြိုက်ပြီ သူငယ်ချင်းရေ. . . "

mgyoe.com

mgyoe.com


သူတို့စကားပြောနေခိုက်တွင်ပင် "ဟဲ-ဟဲ-ဟဲ-ဟဲ. . " ဟူသော ကျယ်လောင်သည့် ရယ်သံကြီး ကြားရသဖြင့် လှည့်ကြည့်လိုက်ရာ၊ နဂါးကြီးသည် ရယ်မောရင်း ရေထဲသို့ ငုပ်လျှိုးသွားသည်ကို တွေ့ ရလေ၏။ အမြီးစကလေးသာထောင်၍ လှုပ်တုတ်လှုပ်တုတ်နှင့် နှုတ်ဆက်သွားသည်။ မောင်သွက်ကလည်း လက်ဝှေ့ရမ်း၍ ပြန်လည်နှုတ်ဆက်ရာ ခါးမတိုကလည်း သူ့ကိုယ်ကို ငေါက်တက်ငေါက် တက်လုပ်ရင်း နှုတ်ဆက်ရှာ၏။

မောင်သွက်တို့ ပြန်လာခဲ့ကြ၍ အကြောင်းစုံကို သိရသောအခါ တံငါရွာကြီးတစ်ရွာလုံး ပျော်ရွှင်မဆုံးဖြစ်ရတော့သည်။ မောင်သွက် ကို ဝိုင်း၍ ဘုရင်မြှောက်၏။ သို့သော် မောင်သွက်က လက်မခံဘဲ သူ့ကို ထမင်းကျွေးသော တံငါအိုကြီးကို ဘုရင်တင်ပေးပြီး မိမိကမူ အိမ်ရှေ့ မင်းသားဘဝနှင့်နေ၏။

အိမ်ရှေ့မင်းသားဆိုသော်လည်း မောင်သွက်သည် စည်းစိမ်နှင့် မနေပါချေ။ တံငါအလုပ်တစ်ခုတည်း မလုပ်သင့်။ လုပ်ငန်းမျိုးစုံမှ ကြီးပွားမည်ဆိုကာ တောင်ယာလုပ်ခြင်း၊ စပါးစိုက်ခြင်း၊ ကျွဲနွား ဆိတ်ဝက်ဘဲကြက်များ မွေးမြူခြင်းစသည်တို့ကို ခေါင်းဆောင်လုပ် ကိုင်ရာ၊ ရွာနီးချုပ်စပ်မှ ကျေးရွာရှိ လူများလည်း လာရောက်လုပ် ကိုင်ကြသဖြင့် တံငါရွာကြီးမှာ လွန်စွာစည်ကားလာလေ၏။ မင်း နေပြည်တော်ကြီးဖြစ်လာတော့သည်။

ယခုအခါတွင် မောင်သွက်မှာ အလုပ်လုပ်ရလွယ်တော့၏။ ဝါး ခုတ်လိုလျှင် 'ခါးမတိုရေ ဝါးတွေခုတ်ခဲ့' ဟု ဆိုလိုက်ရုံနှင့် ခါးမတို လေးသည် တောက်တောက်တောက်တောက်နှင့် ပြေးကာ သူ့ ဘာသာ သူဝါးတွေ လိုက်ခုတ်၏။ နောက်မှနေ၍ ဝါးများကို

mgyoe.com

mgyoe.com


စည်းခြင်း၊ သယ်ယူခြင်းသာ လုပ်ရန် ရှိလေသည်။

သို့သော် ဓားမတိုလေး အသက်ဝင်လာမှ ထူးခြားမှုတစ်ခုတော့ ရှိ၏။ သူ့အသွားများ ယားလာမှ ခုတ်ချင်သည်ဟုဆိုသည်၊ အသွားများ မယားလျှင် ဘာကိုမှ မခုတ်ချင်ဖြစ်ကာ မခုတ်ဘဲနေ၏။ နေရင်းထိုင်ရင်းက အသွားယားလာလျှင်လည်း သစ်များ မြက်များကို လျှောက်ခုတ်တော့သည်။ ထို့ကြောင့် ဓားမတိုလေးနားတွင် ခုတ်စရာအလုပ်များကို စောစောက ချထားပေးရ၏။ အသွား ယားလာလျှင် ခုတ်ရန်ဖြစ်သည်။

တစ်နေ့သ၌ တစ်မြို့လုံးအောင်ပွဲကြီး ဆင်ယင်ကျင်းပကြသည်။ နဂါးကြီးအောင်နိုင်သည့်ပွဲကို ယခုမှ ကျင်းပရခြင်းဖြစ်၏။

ညော့ခံမဏ္ဍပ်ကြီးထဲတွင် မောင်သွက်က ထိုင်၍ ညော့ခံနေရသောကြောင့် ဓားမတိုကလေးကို ဘေးတွင် ချထား၏။ ဓားမတိုကလေးလည်း ပျင်းပျင်းနှင့် အိပ် နေရာက နိုးလာပြီး "မောင်သွက်ရေ အသွားတွေမယားတော့ ဘာအလုပ်မှလဲ မလုပ်ချင်ဘူး၊ မင်းကလည်း အလုပ်တွေ များနေတော့ ငါလျှောက်လည်မယ်ကွာ" ဟု ပြော၏။ မောင်သွက်ကလည်း ခွင့်ပြုလိုက်လေသည်။

ဓားမတိုကား တတောက်တောက်နှင့် လမ်းလျှောက် ထွက်ခဲ့၏။ တဖြည်းဖြည်းနှင့် မြို့ပြင်ရှိ သောင်ပြင်ကြီးသို့ ရောက်လာလေသည်။ ဓားမတိုသောင်ပြင်တွင် အားရပါးရပြေးလိုက်ဦးမည်ဟု ကြံ၏။ ထိုအခိုက် သူသည် ခိုးလိုးခုလုဖြစ်လာတော့သည်။

"ဟာ . . ဒုက္ခပါပဲ" ငါ့အသွားတွေ ယားလာပြီ၊ ဟင်း ယားလာပြီနော် ခုတ်ချင်တယ် ခုတ်ချင်တယ် ခုတ်ချင်တယ် တယ်လေ ခုတ်တော့မှဖြစ်မှာပဲ"

mgyoe.com

mgyoe.com


မားမတိုသည် သဲသောင်ပြင်တွင် လျှောက်ပြေး၏။ တစ်နေရာ၌ အဘိုးကြီးတစ်ယောက်သည် သောင်ပြင်ပေါ်တွင် ပုဆိုးကိုပုံ၍ ရေချိုးနေသည်၊ မားမတိုကား အနားသို့ရောက်လာသောအခါ ဘာမပြော ညာမပြောနှင့် ပုဆိုးကို တဇတ်ဇတ်နှင့် တောက်တောက်စဉ်းပြီး ထွက်ပြေးပြန်လေ၏။

အဘိုးကြီးသည် လူရှင်းတုန်း ကမ်းပေါ်တက်လာကာ ကမန်းကတန်း ပုဆိုးကို ကောက်ယူ၍ စွပ်လိုက်၏။ ပုဆိုးမှာ အပိုင်းပိုင်းအပြတ်ပြတ်ဖြစ်ကာ တစ်စစီတစ်စစီနှင့် ကိုယ်ပေါ်မှလွင့်၍ ဖွာရရာကျဲသွားလေရာ အဘိုးကြီးမှာ ရေထဲကတက်လာသည့် ပုံစံအတိုင်းပင် ကိုယ်တုံးလုံး ပြန်ဖြစ်ကျန်တော့သည်။

"ဟယ် . . . သောက်ခွေးတဲ့မှ ဘယ်လိုတွေဖြစ်ကုန်ပြီလဲဟေ့" ဟုပြောပြီး ရေထဲသို့ ကိုယ်တစ်ဝက်ရောက်အောင် ပြန်ဆင်းသွားရလေသည်။

မားမတိုကား အသွားများယားနေစဉ် လုပ်ငန်းခွင်သို့ ရောက်အောင် ပြန်ပြေးလာရာတွင် လမ်းခရီး၌ ဒေါ်ဆင်ပေါက်မွေးထားသော ဆိတ်သိုးကြီးနှင့် ရင်ဆိုင်မိလေတော့သည်။

ဆိတ်သိုးကြီးကား တတောက်တောက်နှင့် ပြေးလာသော မားမတိုကို မျက်စိနောက်လာ၏။ ထို့ကြောင့်ပင် သုန်မှုန်စွာ စိုက်ကြည့်လိုက်ရင်းက ပြေးဆောင့်၍ ဝှေ့လိုက်လေသည်။

မားမတိုသည် စွေ့ခနဲ ပေ့ါပါးစွာ ခုန်လိုက်ပြီးလျှင် ဆိတ်ချို၏ရန်မှလွတ်သည်နှင့်တစ်ပြိုင်နက် ဆိတ်သိုးကြီး၏ ချိုနှစ်ခုစလုံးကို ဇတ်ခနဲ ဇတ်ခနဲ ခုတ်ပစ်လိုက်ရာ၊ ဆိတ်ကြီး၏ဦးခေါင်းမှာ ငုံးတိတိနှင့် ကျန်ရစ်တော့သည်။ ဤတွင် ဆိတ်သိုးကြီးမှာ ခဏတော့ တွေ

mgyoe.com

mgyoe.com


သွား၏။ ဦးခေါင်းတွင် ချိုမရှိတော့သဖြင့် ဘာနှင့်တွေ့ရပါလိမ့်ဟု စဉ်းစားသည်။ သို့သော် ဘာနှင့်တွေ့ရမှန်း မသိသဖြင့် မတွေ့တော့ဘဲ ယောင်ပေယောင်ပေနှင့် အူကြောင်ကြောင်ဖြစ်ကာ . . လှည့်ထွက်သွားလေတော့သည်။

လမ်းရသည်နှင့်တစ်ပြိုင်နက် ဓားမတိုလည်း သုတ်ခြေတင်လေတော့၏။ ချက်ချင်းလိုလိုပင် မဏ္ဍပ်သို့ပြန်ရောက်လာ၏။ ခက်သည်က သူ့အသွားများ ယားတုန်းပင် ရှိနေသေးသည်။

ထိုကြောင့်ပင် ဘာမပြော ညာမပြောနှင့် မဏ္ဍပ်တိုင်များကို ခုန်၍ခုန်၍ လျှောက်ခုတ်လေတော့သည်။ ခုတ်လိုက်တိုင်းလည်း တိုင်များမှာ တိခနဲ တိခနဲပြတ်ကုန်လေ၏။

မဏ္ဍပ်တွင်းမှ ပရိသတ်များ လှုပ်လှုပ်ရွရွဖြစ်ရလေတော့သည်။

"ဟ ဓားမတိုရ ဘယ်လိုလဲကွ၊ အို ဘယ့်နှယ်တွေ လျှောက်လုပ်နေတာတုန်းကွဟေ"

"ဒုက္ခပါပဲ ပြေးမှ ဒီအဒေါ်ကြီးက ဘာဖြစ်လို့ ကျုပ်ပုဆိုးစကြီးကို တက်ထိုင်ထားရတာလဲဗျ၊ ဒီမှာ ကော့လန်လန်ကြီးဖြစ်နေပြီ"

"ဟောတော့ ကျုပ် ချင်းသုတ်ဗန်းကို ဘာဖြစ်လို့ တက်နင်းသွားရတာလဲတော့"

"ဟဲ့ ပလုတ်တုတ် ဆံထုံးကိုမှ လက်ကြီးနဲ့ ဝင်တိုက်ရသလားဟဲ့"

"တိုက်တာမဟုတ်ပါဘူး။ ခေါင်းကိုဖိပြီး အားယူထလိုက်တာပါ"

"သေနာကောင်"

မဏ္ဍပ်ထဲတွင် ဆူညံစွာနှင့် ရှုန်းရင်းဆန်ခတ်ဖြစ်နေဆဲဝယ် အမိုးကြီးသည် ဝုန်းခနဲ ပြိုကျလေတော့ရာ ပရိသတ်မှာ တဲ့အောက်က ဖားကလေးများကဲ့သို့ မျက်လုံးအပြူးသားကလေးတွေနှင့် ပြား

mgyoe.com

mgyoe.com


ပြားဝတ်ကုန်ကြလေ၏။ ထို့နောက်မှ လေးဖက်တွား၍ ရုန်းကန် လူးလွန့်ထွက်ကြရလေသည်။

"ကဲ .. ခါးမတို၊ မင်းကို ဒဏ်ပေးရမယ်"

မောင်သွက် ဤသို့ပြော၍ ခါးမတိုကို နွားစာအစဉ်းခိုင်းလေ တော့သည်။ ခါးမတိုကား တစ်နေ့လုံး ကောက်ရိုးများကို စဉ်းရ သဖြင့် ညဘက်ရောက်သောအခါတွင် အသွားများလုံးဝ မယား တော့ချေ။ စဉ်းထားသော ကောက်ရိုးများအနားတွင်ပင် စဉ်းစဉ်း ကလေး လှဲအိပ်နေလေတော့၏။

ပင်တိုင်စံ မယ်မာနတို့ တိုင်းပြည်ကြီးတွင်ကား။

အတိဘောဂသူဌေးသည် သားအတွက် မကျေချမ်းသဖြင့် ရန်ငြိုးထားနေလေရာ မန္တာဂီရိတောင်တွင်နေသော ဘီလူးတစ်ဦး နှင့် မိတ်ဆွေဖွဲ့မိလေ၏။ သူဌေး၏ ပြောပြချက်အရ မယ်မာန၏ ချောပုံလှပုံများကို သိရသောအခါ ဘီလူးသည် မယ်မာန၏မေတ္တာ ကို လူယောင်ဆောင်၍ လာရောက်တောင်းခံလေသည်။

မယ်မာနကား ဘီလူး၏ မေတ္တာကို ငြင်းပယ်ရုံမျှမက ဘီလူးကို အာဏာသား လက်မရွံ့ထံသို့ ဝကွက်၍ အပ်လိုက်၏။ သို့သော် အာဏာသားနှင့်ရင်ဆိုင်သောအခါ လုလင်ယောင်ဆောင်ထား သည့်အသွင်ကို ဖျောက်၍ ဘီလူးအဖြစ်နှင့် ရင်ဆိုင်လေ၏။ ဘီလူး ကား အာဏာသားထက် အဆမတန် ကြီးမားလွန်းသဖြင့် အာဏာသားကြီးခမျာမှာ ဒူးများတုန်၍ မေ့မျောလဲကျသွားလေ တော့သည်။

"ကိုင်း .. မယ်မာန၊ ခုနစ်ရက်မြောက်တဲ့နေ့မှာ ငါကိုယ်တိုင် လာ၍ သင့်ကို သိမ်းပိုက်မယ်၊ ပြေးမယ်တော့မကြံနဲ့ ဒီတိုင်းပြည်

mgyoe.com


ကြီးတစ်ခုလုံးကို ဖျက်ဆီးပစ်မယ်"

ဘီလူးလည်း ကြိမ်းမောင်း၍ ပြန်သွားလေ၏။

မယ်မာန၏ ဖခင်ဘုရင်ကြီးမှာလည်း ကြံရာမရ ဖြစ်ရတော့သည်။ ဘီလူးနှင့်ယှဉ်ပြိုင် တိုက်ခိုက်နိုင်မည့် သူရဲကောင်းလည်း တစ်ယောက်မျှပေါ်မလာချေ။ တစ်တိုင်းပြည်လုံးမှာလည်း တထိတ်ထိတ်နှင့် ညှိုးငယ်နေကြ၏။ မယ်မနာကိုယ်တိုင်ပင် ဘီလူး၏ သိမ်းပိုက်ခြင်းခံရတော့မည်ကိုစိုး၍ စိတ်ညစ်ကာ မဖြီးနိုင် မလိမ်းနိုင်နှင့် ညှိုးလျှပိန်ချုံးလျက်ရှိတော့သည်။

ထိုစဉ် .. တံငါပြည်တွင် လူစွမ်းကောင်းတစ်ဦးဖြင့် ရှိလေရဲ့ဟူသော သတင်းစကားသည် ဘုရင်ကြီး၏နားသို့ ရောက်လာလေ၏။ ဘုရင်ကြီးလည်း အထူးသံတမန်များလွှတ်ကာ လူစွမ်းကောင်းကို အခေါ်ခိုင်း၏။

မောင်သွက်ကား မယ်မာနတို့ဖြစ်အင်ကို သိသည်နှင့်တစ်ပြိုင်နက် "မည်သူခေါ်၍မျှ ကျွန်တော်မလာနိုင်၊ ပင်တိုင်စံ မယ်မာန ကိုယ်တိုင် လာရောက်ခေါ်ငင်လျှင်ကား စိတ်ကျေနပ်လျှင် လိုက်မည်" ဟု တမန်များကို ပြောကြားလိုက်၏။

မယ်မာနလည်း မနေသာတော့ပြီ၊ ဘယ်သူမှန်းမသိသည့် လူစွမ်းကောင်း အိမ်ရှေ့မင်းသားထံမှောက်သို့ ရောက်ရှိခဲ့ရလေတော့သည်။

"အလို .. ဘယ်သူလဲမှတ်ပါ။ လက်စသတ်တော့ ကိုသွက်ပါလား"

"မှန်ပါတယ် ပင်တိုင်စံ၊ ဘာမှအသုံးမကျတဲ့ ဓားမတိုလေး ပိုင်ရှင်လူမွဲကလေး မောင်သွက်ပါပဲ .. ဒါထက် ဘာကိစ္စကြောင့်

mgyoe.com

mgyoe.com


အပန်းတကြီး ကြွချီလာရပါသလဲ ပင်တိုင်စံရယ်"

"မောင်တော်"

"မောင်တော် မဟုတ်ဘူး၊ မောင်သွက်ပါ"

"အနိုင်ယူပါတော့ မောင်တော်ရယ်၊ မယ်မာနမှာ မာနတွေကျကုန်ပါပြီ။ ဘီလူးရဲ့ကြင်ယာတော်ဖြစ်ရမယ့် အတူတူ လူလူချင်းဖြစ်တဲ့ မောင်တော်ရဲ့အလုပ်အကျွေးသာဖြစ်ပါရစေ၊ မောင်တော်နှမတော်ကို သနားရင် အမြန်လိုက်လာပြီး ဘီလူးရန်ကို နှိမ်နင်းပေးတော်မူပါ"

မယ်မာနသည် မျက်ရည်အသွယ်သွယ်ဖြင့် မောင်သွက်၏ခြေဖမိုးများကို ဒူးတုပ်ကိုင်ရင်း ပြောကြားလေ၏။ မောင်သွက်မှာမူလကပင် မေတ္တာရှိရင်းစွဲရှိသဖြင့် ကြာကြာတင်းမခံနိုင်တော့ချေ။ မင်းသမီးကို တွဲ၍ ထူပေးပြီးလျှင် ဘီလူးလာမည့်နေ့၌ ဆက်ဆက်လာခဲ့ပါမည်ဟု ကတိပေးစကားပြောကြားကာ ပင်တိုင်စံကို ပြန်လွှတ်လိုက်လေသည်။

ခုနစ်ရက်မြောက်သော နေ့တွင်ကား မယ်မာနတို့၏ နန်းရင်ပြင်တွင် မောင်သွက်သည် ဓားမတိုနှင့်အတူ ရောက်နှင့်နေပေပြီ။

ဘီလူးကြီးကလည်း ရက်ချိန်းတိကျလှသည်။

မောင်သွက်တို့ ကြာကြာမစောင့်ရချေ။ မားမား မားမားနှင့်ဘီလူးကြီးသည် ရောက်ရှိလာခဲ့တော့၏။

"အလို . . မင်းက ဘာကောင်တုံး"

"လူကောင် ခင်ဗျားကကော"

"ဘီလူးကောင် အဲလေ ယောင်လို့ ဘီလူးမင်းသားကွ၊ မင်းကဘာလာရှုပ်တာလဲ"

mgyoe.com

mgyoe.com


"ကျွန်တော်ဟာ ပင်တိုင်စံရဲ့ ဖူးစာဖက်ပဲ၊ ဒါကြောင့် ခင်ဗျားကို ဖယ်ရှားပစ်ဖို့လာတာ"

မောင်သွက်၏ စကားကိုကြားသောအခါ ဘီလူးကြီးသည် အားရပါးရအော်၍ ရယ်လိုက်လေ၏။

"မင်းမှာ ဘာလက်နက်ရှိလို့လဲကွ ဟား ဟား"

မောင်သွက်သည် ဘီလူးကြီးကို ဘာမှပြန်မပြောတော့ချေ။ ခါးကြားထဲက ခားမတိုကို ဆွဲထုတ်လိုက်၏။

"ကိုင်း .. ခားမတိုရေ မင်း တာဝန်ထမ်းဆောင်ပါတော့"

သို့သော် .. ခားမတိုက လေသံပျော့လှ၏။

"ခွကျတာပဲ မောင်သွက်ရေ၊ ငါ့အသွားတွေ မထားပြန်ဘူးကွ"

ခက်ချေပြီ၊ အသွားက မထားလျှင် ခားမတိုသည် ဝါးဂွမ်းဆိုင်လေးကိုပင် ခုတ်ထစ်တော့မည်မဟုတ်ချေ။

သို့သော် အန္တရာယ်က ရင်ဆိုင်နေရပြီမို့ မတတ်သာတော့ပြီ၊ ဘီလူးကြီးက တစ်လှမ်းတက်လိုက်သောအခါတွင် မောင်သွက်သည် ဘာပဲဖြစ်ဖြစ်ဟူသောသဘောနှင့် ခားမတိုနှင့် ပိတ်ပေါက်လိုက်လေသည်။

လေထဲတွင် ချာရပတ်ရမ်းလာသော ခားမတိုလေးကို ဘီလူးကြီးသည် လွယ်ကူစွာဖမ်းယူလိုက်၏။

"ဟား ဟား ငါ့မှာက ဘွဲ့ဖြူလက်နဲ့ကွ၊ မင်းဟာက ဘာမဟုတ်တဲ့ ခားမစုတ်ကလေးကိုး၊ မင်းနဲ့ပြိုင်ရမှာ ဂုဏ်ငယ်လိုက်ပါဘိတော့လူမိုက်ရယ်၊ ဟား ဟား"

ဘီလူးကြီး၏ ပါးစပ်သည် နဂိုက ပြဲရသည့်အထဲ အားရပါးရရယ်နေသဖြင့် ပို၍ပြဲနေသည်။

mgyoe.com

mgyoe.com


"ဒီခွေးမစုတ်ကို ဘာသွားသုံးမလဲ"

ပြောပြောဆိုဆိုနှင့် ဘီလူးကြီးသည် ခွေးမတိုလေးနှင့် ခြေသလုံးမွေးများကို ရိပ်ချနေ၏။ ထိုခဏတွင် ခွေးမတိုသည် မောင်သွက်ကို လှမ်း၍ အော်ပြောလိုက်သည်။

"မောင်သွက်ရေ သူ့ခြေသလုံးမွေးရိတ်လိုက်တာ ငါ့အသွားတွေ ယားလာပြီကွ၊ ဟော့ .. ငါ့အသွားတွေ ယားလာပြီကွနော်.. ယားလာပြီ"

ခွေးမတိုသည် ဇာတ်ခနဲ ဘီလူး၏ လက်မှ ခုန်ထွက်လိုက်သည်။ ထို့နောက် တစ်ဆက်တည်းပင် ဝှီးခနဲ ခုတ်ချလိုက်ရာ ဘီလူးကြီးက ဇက်အပုမြန်၍ ဦးခေါင်းထိပ်ဖျားသာ တိခနဲပြတ်ကျသွား၏။

ဘီလူးကြီး၏ မျက်စိများမှာ နဂိုက ပြူးရသည့်အထဲ ပို၍ပြူးလာကြသည်။ ပခုံးပေးတွင် တင်လာသော ဘွဲ့ဖြူပုဆိုးနှင့် မောင်သွက်ကို လှမ်းပစ်လိုက်၏။

ဤတွင် ကောင်းကင်ယံတိုက်ပွဲ ဆင်ကြတော့သည်။ ဘွဲ့ဖြူပုဆိုး မောင်သွက်ထံ မရောက်မီပင် ခွေးမတိုသည် လမ်းမှဖြတ်၍ တောက်တောက်စင်းလေတော့ရာ ပုဆိုးကြီးမှာ အပိုင်းပိုင်းပြတ်၍ မြေသို့ကျလေ၏။ ကိစ္စပြီးသည်နှင့်တစ်ပြိုင်နက် ခွေးမတိုလေးသည် ငေးကြောင်နေသော ဘီလူးကြီးထံသို့ ရုတ်တရက်ပြေးဝင်ကာ တိခနဲ တိခနဲနှစ်ချက်ခုတ်ချလိုက်၏။

"ဟာ .. ရှိစုမဲ့စု ကုန်ပါပြီကွာ .. ကုန်ပါပြီကွာ"

ဘီလူးကြီးသည် လက်နှစ်ဖက်နှင့် ဦးခေါင်းကို ကိုင်လိုက်၏။ နားရွက်နှစ်ဖက်မရှိလေတော့ ဘီလူးကြီး ပျာလောင်ခတ်နေဆဲတွင်

mgyoe.com

mgyoe.com


ပင် ဓားမတိုက ခပ်သွက်သွက် အလုပ်လုပ်နေ၏။

"တိ"

"ဟာ . . နှာခေါင်းထိပ်ဖျားပါ ပြန်ပဟော့၊ မဖြစ်ချေတော့ပါဘူး ကြောက်ပါပြီဗျို့၊ ခင်ဗျား ငနဲသားကို ပြန်ခေါ်ပါတော့"

အော်ကြီးဟစ်ကျယ်နှင့် ဘီလူးကြီးသည် သွေးချင်းချင်းနီသော မျက်နှာဖြင့် ထွက်ပြေးလေ၏။

ပရိသတ်များကား လက်ခုပ်လက်ဝါးတီး၍ ရယ်ကြလေ၏။ သို့သော် ကြာကြာမရယ်နိုင်ချေ။

"ယားနေသေးသကွနော် . . ငါ့အသွားတွေ ယားနေသေးတယ်ဟေ့"

ဓားမတိုသည် အတောမသတ်နိုင်တော့ပေ၊ ဟိုပြေး ဒီလွှားနှင့် တစ်ချက်တိလိုက်၊ အမတ်ကြီး၏ ယုန်နားရွက်နှစ်ဖက်ပြုတ်ထွက်သွား၏။ တစ်ချက်တိလိုက် ပုဏ္ဏားတော်ကြီး၏သျှောင်ပေစူးကလေး ပြုတ်သွားလေသည်။ လူတွေဇက်ကို ပုပုသွားကြရ၏။ ဓားမတိုကား ပျာယာခတ်နေသည်။

တိခနဲ. . ။

ဘုရင်ကြီးကုပ်သွား၏။ ထိပ်ပေါ်တွင် လက်တစ်ဝါးစာလောက် ဆံပင်မရှိတော့ချေ။

မိဖရားကြီး ထပြေး၏။ ထဘီစနှင့် နန်းတော်တိုင်မှ ပန်းခက်တို့ချိတ်မိကြရာ ထဘီစကြီး ထိုးထွက်နေစဉ် ဓားမတိုရောက်လာ၏။

တိခနဲ . . ။

မိဖုရားကြီး၏ ထဘီစကွက်ကွက်ကလေး ပြတ်ထွက်သွားရာ မိဖုရားကြီးမှာ ငြိနေရာကတော့ လွတ်သွား၏။ သို့သော် တင်ပါး

mgyoe.com

ကြီးပေါ်လာသဖြင့် လက်ဝါးနှင့် အုပ်ကာ ပြေးရတော့သည်။

စစ်သူကြီးက ဘာမသိ ညာမသိ ပြေးဝင်လာ၏။

တိခနဲ စစ်သူကြီး၏ မောက်ရှူမှာ ငုံးတိတိကလေး ဖြစ်သွားပြီး မောက်တိုဆောင်းလျက်သား ဖြစ်သွား၏။ စစ်သူကြီးမှာ ဇက်ပု သွားရတော့သည်။

နန်းတော်ကြီးတစ်ခုလုံး ဆူညံသွားတော့သည်။

ကနုတ်ပန်းတွေ ဖြုတ်ခနဲ တိခနဲ ပြုတ်ကျ၏။ ပလ္လင်တံကဲတွေ ပုတိုတိုတွေဖြစ်ကုန်၏။ ထီးဖြူကြီးများ ရိုးတံချည်း ထောင်လျက် သား ကျန်တော့သည်။ အပျိုတော်တွေ ဆံလေးတိုနှင့် မယ်သီလရင် လူထွက်တွေ ဖြစ်ကုန်၏။ အမတ်ကြီးတချို့ ဦးဆောင်းများ တစ်ဝက် သာ ကျန်တော့၍ ဆံပင်ကြားထဲသို့ လေများဝင်သည်။ ပျား ဖယောင်းတိုင်ကြီးများ မထွန်းရဘဲ တိုနန့်နန့်လေးတွေဖြစ်ကုန်၏။ ပန်းအိုးထဲမှ ပန်းများမှာ ရိုးတံတွေချည်း ငေါက်တက်တက်ဖြစ်ကုန် ကြသည်။

တော်တော်လေးကြာမှ ဓားမတိုသည် အသွား အယားပြေသွား ၏။

ဤတွင် မောင်သွက်သည် ဓားမတိုကို ခပ်သုတ်သုတ်ပြန်သိမ်း ယူပြီးသော် လက်မြန် ခြေမြန်ပင် ရွှေပိန်းချလိုက်လေတော့သည်။

ထို့ကြောင့် ယခုအခါတွင် ဓားမတိုမှာ ရွှေရောင်တဝင်းဝင်းနှင့် များစွာလှပပြီး ဝင့်ကြွားနေတော့သည်။

မောင်သွက်နှင့် ပင်တိုင်စံတို့ လက်ထပ်ပွဲကြီး ကျင်းပသောနေ့ သို့ ရောက်လာတော့၏။ မယ်မာနမှာ မာနလုံးဝမရှိတော့သဖြင့် သူတို့မယ်မာနဟုသာ အများက ခေါ်ဝေါ်ကြသည်။ နန်းတွင်းတွင်

mgyoe.com


ကား . . "မာမာ" ဟုပင်ခေါ်ကြသည်။

လက်ထပ်ပွဲကြီးသည် ကြီးကျယ်ခမ်းနားစွာ ဆင်ယင်ကျင်းပ လျက်ရှိရာ ရွှေပွဲလာပရိသတ်များကား တိုင်းပြည်နှစ်ပြည်မှဖြစ်၍ တိုးမပေါက်အောင် စည်ကား၏။ ပွဲကြီးလမ်းကြီးများဖြင့် ခြိမ့်ခြိမ့် သဲဖြစ်နေလေသည်။

ဤအချိန်တွင် ဓားမတိုလေးကား အသွားယားလာလေတော့ ၏။ သို့သော် . . အသွားယားတိုင်း တွေ့ကရာတွေ လျှောက်ခုတ် လျှင် ရွှေပိန်းများ ပဲ့ကျကုန်မည်စိုးသောကြောင့် မောင်သွက် စီမံ ပေးထားသော တွဲရရွဲ ချထားသည့် သားရေပြားပေါ်တွင်သာ အသွားကို မထိတထိလေးပွတ်၍ ပြုံးဖြီးဖြီးလုပ်နေလေတော့သည်။

❑

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# ယောင်ယောင်ပေါင်ပေါင် နှမ်းမောင်မောင်

သူ့နာမည်ရင်းကတော့ မောင်နှမ်းဖြစ်ပါသည်။

သို့သော် ဒိသာပါမောက္ခဆရာကြီး၏ တပည့် အချင်းချင်းဖြစ်ကြသူ၊ သူငယ်ချင်းများက သူ့ကို "ယောင်ယောင်ပေါင်ပေါင် နှမ်းမောင်မောင်" ဟုခေါ်ကြသည်။ ခေါ်လည်းခေါ်စရာပင်၊ ဆရာကြီး၏ တပည့်အပေါင်းတို့အနက် သူသည် ဉာဏ်အထိုင်းဆုံးဖြစ်၏။ ဆင်ခြင်ဉာဏ် အလွန်နည်းပါး၏။ ပညာကို မည်သို့သင်၍မှ မတတ်နိုင်သဖြင့် ဒိသာပါမောက္ခဆရာကြီးကိုယ်တိုင်က လက်လျှော့ထားရသော တပည့်ဖြစ်လေသည်။

နှမ်းမောင်မောင်သည် ရူးချာချာနိုင်သော်လည်း ကောင်းသောအရည်အချင်းတစ်ရပ်တော့ရှိ၏။ အဘယ်နည်းဆိုသော် သူသည် သဘောကောင်း၏။ စိတ်ရင်း ဖြူစင်သည်။ သည်းညည်းခံတတ်၏။ ချိုးကျိုးစရာအကောင်းဆုံးကား ဆရာ၏စကားကို မြေဝယ်မကျ နားထောင်တတ်ပြီးလျှင် ဆရာ့ကိုပြုစုရမည့် ဝတ္တရားအားလုံးကို မငြိုမငြင်ကျေပွန်စွာ ရွက်ဆောင်တတ်သူဖြစ်၏။ ထို့ကြောင့်ပင် ဆရာကြီးသည် နှမ်းမောင်မောင်ကို လွန်စွာမှ ချစ်

mgyoe.com

သနားလေသည်။

တစ်ချိန်တွင် တပည့်တို့သည် ပညာများစုံ၍ မိမိတို့ ရပ်ဌာနေသို့ အသီးသီးပြန်ကြရန် အချိန်သို့ရောက်လာလေ၏။ ဆရာကြီးကို နှုတ်ဆက်၍ ကန်တော့ကြသောအခါ ဆရာကြီးသည် ဆုများ၊ ဆုံးမသြဝါဒပေးခြင်းများ ပြုလုပ်ပြီး တစ်ယောက်ပြီးတစ်ယောက် ပြန်လွှတ်လိုက်သည်။

နှမ်းမောင်မောင်၏ အလှည့်သို့ ရောက်သောအခါတွင်ကား၊ ဆရာကြီးသည် ကရုဏာသက်စွာကြည့်ပြီးလျှင် အောက်ပါအတိုင်း ပြောကြား၏။

"ငါ့တပည့် မင်းကတော့ ဉာဏ်အလွန်ထိုင်းသူ တစ်ယောက်ဖြစ်ပေတယ်။ ဒါပေမဲ့ မင်းဟာ ဆရာ့စကားကို နားထောင်တယ်၊ ဆရာ့အပေါ်ပြုစုရမယ့် ဝတ်များ ကျေပေတယ်။ ဒါကြောင့် ဆရာရဲ့ မေတ္တာစာတ်ဟာ မင်းအပေါ်မှာ ကျရောက်လို့ မင်းဟာ ကျန်းမာစွာနဲ့ အသက်ရှည်ပါလိမ့်မယ်၊ ဒါပေမဲ့ မင်းမှာ ပညာမရှိလေတော့ စဉ်းစားကြည့်ရင် ရင်လေးစရာပဲဖြစ်တယ်။ တစ်ခုတော့ရှိလေရဲ့၊ လောကမှာ လူတိုင်းအတွက် ကြီးပွားရာ နေရာတစ်ခုခုဟာ တစ်နေရာရာမှာတော့ ရှိစမြဲဖြစ်တယ်။ သာမန်လူတို့အဖို့တော့ နေရာတော်တော်များများဟာ သင့်လျော်တတ်တာမို့ အထူးရွေးစရာမလိုဘူး။ မင်းအတွက်ကတော့ ဉာဏ်ထိုင်းသူဖြစ်လေတော့ မင်းနဲ့သင့်တော်တဲ့အရပ်ဒေသကို ရွေးတတ်မှမင်းဟာ ကြီးပွားနိုင်လိမ့်မယ်၊ ငါ့တပည့် ပျော်ရာမှာမနေနဲ့ တော်ရာမှာ နေရမယ်၊ မင်းနဲ့ သင့်တော်တဲ့ အရပ်ဒေသနေရာမှာ မင်းနေမှ မင်း ကြီးပွားလိမ့်မယ်၊ ဆရာ့စကားကို မြဲမြဲမှတ်ပြီး သွားလေတော့ တပည့်ရေ"

mgyoe.com

mgyoe.com


ဆရာကြီးသည် သူချစ်လှသော တပည့်ကို ဆုံးမ ဩဝါဒအရှည်ကြီးပေး၏။ ဆရာကို ခွဲခွာရတော့မည်ဖြစ်၍ မျက်ရည်ကလေးစမ်းစမ်းဖြစ်နေရှာသော မောင်မောင်နှမ်းသည် မော့ကြည့်ပြီးသော်-

"ဆရာကြီးခင်ဗျာ . . . ကျွန်တော်နဲ့ သင့်တော်တဲ့ နေရာဒေသမျိုးဟာ ဘယ်နေရာမျိုးဖြစ်ပါ့မလဲဆရာ"ဟု ထပ်၍မေးလိုက်သည်။

"ငါ့တပည့် အသိဉာဏ်အလွန်နည်းပြီး သူတစ်ပါး ပြောတာကို လွယ်လွယ်ကူကူ ယုံကြည်တတ်တဲ့သူတွေချည်းနေထိုင်တဲ့ ဒေသမျိုးကိုရှာဖွေပြီး နေလေတော့ ငါ့တပည့် . ."

နှမ်းမောင်မောင်သည် ဆရာကြီးပြောဆိုမိန့်ကြားသမျှကို သေသေချာချာနားထောင်မှတ်သားပြီးသော် ဆရာကြီးအား ဦးချကန်တော့၍ ခရီးထွက်ခဲ့လေတော့သည်။

နှမ်းမောင်မောင် ရောက်သမျှ ဒေသတို့မှာ သာမန်လူများနေထိုင်ကြသော အရပ်ဒေသများချည်းဖြစ်သဖြင့်၊ နှမ်းမောင်မောင်ထက် အသိဉာဏ်ပညာရှိသူပေါ်များနေသောကြောင့် နှမ်းမောင်မောင်ခမျာ ကြာရှည်နေ၍ မရချေ။ ဤနေရာ ဤဒေသမျိုးတွင် သူသည် မကြီးပွားနိုင်ခဲ့၊ ဤသို့ဖြင့် တစ်နေရာပြီးတစ်နေရာခရီးဆက်၍ ထွက်ခဲ့ရလေသည်။

တစ်ခုသော ဝေလီဝေလင်းနံနက်ခင်းတွင် နှမ်းမောင်မောင်သည် တိုင်းပြည်တစ်ပြည်သို့ ရောက်ခဲ့လေတော့၏။

မြို့ထဲသို့ ဝင်လိုက်သည်နှင့်တစ်ပြိုင်နက် လူတစ်စုသည် သစ်ပင်များပေါ်သို့တက်၍ မီးတုတ်ကိုယ်စီနှင့် သစ်ကိုင်းများပေါ်တွင် ဟိုဟိုသည်သည် ရှာဖွေနေကြသည်ကို တွေ့ရသည်။ ထို့ကြောင့်

mgyoe.com

mgyoe.com


နှမ်းမောင်မောင်က မြေကြီးပေါ်တွင်ရပ်၍ သစ်ပင်ထက်က လူများဆီသို့ မျှော်ကြည့်နေသော လူများထဲမှ တစ်ယောက်ကို အကျိုးအကြောင်းမေးကြည့်လိုက်၏။

"အော်ဗျာ . . . ညဦးပိုင်းက ကျုပ်တို့ သူဌေးကြီး ဦးမောဟရဲ့ သားကလေးပေါ့၊ သူ့အမေရဲ့ လက်ကောက်တစ်ဖက်ကို ထွေခင်းကစားတာ လက်ကောက်ပျောက်သွားလို့ ရှာနေကြတာလေ၊ တစ်ညလုံးရှာနေတာ အခု မိုးစင်စင်လင်းပြီ၊ မတွေ့သေးလို့ဗျ"

ထိုအခါတွင် နှမ်းမောင်မောင်သည် ဝမ်းသာသွား၏။ ဤနေရာ၊ ဤဒေသမျိုးသည် သူ့အတွက် ကြီးပွားရာ နေရာဒေသမျိုးဖြစ်သည်ဟု တွေးမိသောကြောင့်ဖြစ်၏။ ထို့ကြောင့် သူက ဝင့်ကြွားစွာ ပြောလိုက်သည်။ သူ့တွင်ရှိသော ပညာကို ပြရတော့မည်မဟုတ်ပါလား။

"ဗျို့ လူတို့ . . . နေထွက်လာတဲ့တိုင်အောင် ခဏကလေးစောင့်ကြပါ၊ ဒီလက်ကောက်တစ်ဖက်ကို ပြန်တွေ့ဖို့ ကျွန်တော်တာဝန်ယူပါတယ်"

သူ့စကားကို ကြားရသောအခါ လူတို့သည် မယုံတစ်ဝက် ယုံတစ်ဝက်နှင့်စောင့်ဆိုင်းနေလိုက်ကြ၏။ မကြာမီ နေမင်းကြီးသည် ထွက်ပေါ်လာလေတော့သည်။

"ကဲ . . နေထွက်လာပြီ သစ်ပင်ပေါ်ကလူတွေက ပတ်ပတ်လည်မြေကြီးပေါ်ကို လှမ်းကြည့်ကြစမ်းပါ၊ ဝါတာတာနဲ့ ပြောင်ပြောင်လက်လက်တွေ့ရင် တွေ့တဲ့နေရာကို ညွှန်ပြပြောဆိုလိုက်၊ မြေကြီးပေါ်က လူတွေက သွားကောက်ကြပေါ့"

နှမ်းမောင်မောင်က ဤအတိုင်းပြောလိုက်ရာ သစ်ပင်ပေါ်က လူများသည် ဟိုဟိုသည်သည် မြေကြီးပေါ်သို့ လှမ်းမျှော်ကြည့်ကြ

mgyoe.com

gyoe.com 

၏။ မကြာမီ တစ်ယောက်က "ဟော. . ဟိုက လမ်းစောင်း မြက်ဖုတ်ကလေးဘေးမှာ ပြောင်ပြောင်လက်လက် ဝါဝါကလေး ဗျို့" ဟု အော်ပြောရင်း လက်ညှိုးညွှန်ပြ၏။ မြေကြီးပေါ်က လူများ က ထိုနေရာသို့ ပြေးသွားပြီး ကြည့်ကြရာ ပျောက်နေသော လက် ကောက်တစ်ဖက်ကို ပြန်တွေ့ကြလေသည်။

"ဟာ . . . တော်လှချည်လား၊ ဒီလူဟာ တကယ့်ပညာရှိပဲ ကျွန်တော်တို့ဆီမှာ နေလှည့်ပါ၊ သိပ်အဖိုးတန်တဲ့ ပညာတွေကို ကျွန်တော်တို့ကို ဖြန့်ဖြူးပါ"

စသည်ဖြင့် တစ်ယောက်တစ်ပေါက် ချီးကျူးကြသည်။ သူ့ပညာ ကို အံ့သြကြသည်။ သူ့ကို ဘယ်မှမသွားဘဲ ဤဒေသတွင် နေထိုင် ပါရန် တောင်းပန်ကြသည်။

နှမ်းမောင်မောင်သည်လည်း ဆရာကြီးဆုံးမသည့်အတိုင်း လောကတွင် လူတစ်ယောက်အတွက် သင့်တော်ရာနေရာရှိစမြဲ ဖြစ်သည်ကို စွဲမှတ်ထားသည့်အလျောက် ထိုတိုင်းပြည်တွင် နေထိုင် ရန် ဆုံးဖြတ်လိုက်လေ၏။

သူဌေးကြီးဦးမောဟသည် သူ့ကို အိမ်တစ်ဆောင် ဆောက် လုပ်ပေးပြီးလျှင် သေချာကျနစွာ ကိုးကွယ်ထားသည်။ ထိုမြို့ရှိ လူ များသည်လည်း မိမိတို့ဘာသာ မဖြေရှင်းနိုင်သော ပြဿနာရပ် များကို မေးမြန်းကြသည်။ နှမ်းမောင်မောင် ဖြေရှင်းပေးသမျှကို ကျေနပ်စွာ လက်ခံကြသည်ချည်းဖြစ်၏။

ဥပမာအားဖြင့် အောက်ပါပြဿနာပုစ္ဆာများကိုကြည့်လျှင် နှမ်း မောင်မောင်၏ ပညာစွမ်းကို တွေ့ရပေမည်။

"ပညာရှိကြီးခင်ဗျား၊ ကျွန်တော်တို့ အလှူလုပ်ရာတွင် ပရိသတ်

mgyoe.com

mgyoe.com


ဘယ်နှယောက်လာသည်ကို ရေတွက်ရာ၌ အခက်အခဲ တွေ့ရပါတယ်။ ဘယ်လိုရေတွက်ရင် အမှန်ဆုံးဖြစ်မယ်ဆိုတာကို ဂဏန်းသင်္ချာနဲ့ တွက်ပြပေးပါ"

"ခင်ဗျားတို့ ပရိသတ်တွေကို အရင်စုံစမ်းပါ၊ ခြေတစ်ဖက်ကျိုးသူ၊ ခြေထောက်မစုံသူတွေပါသလား စုံစမ်းပါ"

"ဟုတ်ကဲ့ စုံစမ်းပြီးပါပြီ၊ ခြေလက်အင်္ဂါစုံသူတွေချည်း ဖြစ်ပါတယ်"

"ခြေသုံးချောင်း၊ လေးချောင်းဖြစ်နေတဲ့ လူထူးလူဆန်းတွေကောပါသလား"

"မပါပါ"

"ဒါဖြင့်ရင် လွယ်ပါတယ်. . . ခြေထောက်တွေကို ရေတွက်ပြီး နှစ်နဲ့စားလိုက်ရင် လူဘယ်နှယောက်လာသလဲဆိုတာ သိရပါတယ်"

လူတို့သည် နှမ်းမောင်မောင်၏ ပညာကို လက်ခံရုံမက ချီးကျူးအံ့အားသင့်ခြင်းလည်းဖြစ်ကြ၏။ အထက်ကပြောခဲ့သည့် လူပရိသတ်တွက်ချက်နည်းကို ကြားရ သောအခါ တစ်ယောက်ကထပ်၍မေး၏။

"လူတွေအတွက်တော့ ဟုတ်ပါပြီ။ ခြံထဲက နွားတွေအတွက်ဆိုရင်ကော ခင်ဗျာ. . "

"အင်္ဂါလည်းစုံရမယ်၊ နွားထူးနွားဆန်းလည်း မပါရဘူးပေါ့"

"မပါပါဘူးခင်ဗျာ . . . "

"ဒါဆိုရင် ခြေထောက်တွေရေပြီး လေးနဲ့စားရတယ်၊ နွားက လူမဟုတ်တော့ တစ်မျိုးတွက်ရတာပေါ့"

mgyoe.com